# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday, 10 October 2022 ၁၀၈၈၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



သီတင်းကျွတ်လပြည့်နေ့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားစေတီများ၌ ဘုရားဖူးပြည်သူများနှင့်အထူးစည်ကားများပြားလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၉

ယနေ့သည် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရား၊ စေတီများတွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပလျက်ရှိရာ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၉

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရုံးစာနာခန်းမနှင့် လေ့ကျင့်ရေးဇာတ်ရုံတို့၌ ကျင်းပသွားမည်ဖြစ်သည်။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

## ပြောင်းလဲရန်လိုအပ်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်း

ဆောင်းပါး စာမျက်နှာ » ၆

## သစ်မှထွက်သည့် ဘေးထွက်ပစ္စည်းများ ထိရောက်စွာအသုံးချရေး

ဆောင်းပါး စာမျက်နှာ » ၁၈

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ် ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

# ဝါတွင်းသုံးလ မြတ်ဗုဒ္ဓဆုံးမသြဝါဒ

သီတင်းကျွတ်အခါသမယတွင် မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ကြွမြန်းလာသည်ကို ရည်မှန်း၍ ဆီမီးတန်ဆောင်ထွန်းညှိပူဇော်ခြင်း အမှုကို ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ညီညာရုံးစုကောင်းမှုအထူးပြုကြသည့် အချိန်ကာလဖြစ်သည်။ ဆီမီးထွန်းညှိပူဇော်ခြင်းကို အစဉ်အလာအားဖြင့် ပြုလုပ်ကြသလို ရဟန်းသံဃာများနှင့်စပ်လျဉ်း၍ သီတင်းကျွတ်ခြင်း၏ အနှစ်သာရကိုလည်း အလေးအမြတ်ထားရမည်ဖြစ်သည်။

သီတင်းကျွတ်လဟူသည်မှာ ရဟန်း၊ သာမဏေတို့ ဝါတွင်းသုံးလကာလ ပတ်လုံး ကျောင်းသင်ခန်းများတွင် သီတင်းသုံးနေထိုင်ကြရာမှ ကျွတ်လွတ်သော ကာလဖြစ်သည်။ ရဟန်း၊ သာမဏေတို့သည် ဝါဆိုကာလက "ဤကျောင်းတွင်း၌ ဤဝါတွင်းသုံးလပတ်လုံး ဝါကပ်ပါ၏" ဟု ဆောက်တည်ကာ ဝါဆိုခဲ့ကြသည်။ ရဟန်းတို့သည် ဝါဆိုလပြည့်နေ့မှစ၍ ဝါဆိုခဲ့ကြသည်။ ယခုသီတင်းကျွတ်လပြည့်နေ့သို့ ရောက်သောအခါ သုံးလပြည့်၍ ဝါဆိုကာ သီတင်းသုံးနေခဲ့ကြခြင်းမှ လွတ်မြောက်ခဲ့ကြ၏။ ထို့ကြောင့် ဤလကို သီတင်းကျွတ်လဟု အစဉ်အလာအားဖြင့် ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

ရဟန်းတော်တို့ သီတင်းကျွတ်သည်မှာ နေမြဲအတိုင်း ကျွတ်လွတ်၍မရပါ။ ပဝါရဏာပြုပြီးမှ ကျွတ်ကြရသည်။ ပဝါရဏာဟူသည်မှာ ဖိတ်ကြားခြင်းဖြစ်သည်။ ရဟန်းတော်တို့သည် ဝါတွင်းသုံးလကာလပတ်လုံး သီတင်းသုံးလာကြပြီး သုံးလပြည့်မြောက်သော သီတင်းကျွတ်လပြည့်သို့ ရောက်သောအခါ ပဝါရဏာပြုပြီးမှ ကျွတ်လွတ်ကြသည်။ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလတိုင်း ဇနပုဒ်၌ ဝါဆိုကြသောရဟန်းတို့သည် ငြင်းခုံခြင်းမရှိဘဲ အညီအညွတ်ချမ်းသာစွာနေကြလို၍ အချင်းချင်းစကားမပြောမဆိုကြကုန်။ ရဟန်းတို့သည် သုံးလလွန်မြောက်သဖြင့် ဝါမှထကုန်သည်ရှိသော် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ လာခဲ့ကြသည်။

ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ကျန်းမာကြ၏လော၊ မျှတကြ၏လော၊ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြပါ၏လော" ဟုမေးရာ "အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရပါသည်။ ဆွမ်းအတွက်လည်း မပင်ပန်းဘဲရှိကြပါကုန်သည်"ဟု ရဟန်းတို့က ပြန်ကြားလျှောက်ထားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ သင်တို့သည် အဘယ်သို့လျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိဘဲ ချမ်းသာစွာ ဝါတွင်းသုံးလပတ်လုံးနေကုန်ကြသနည်း" ရဟန်းတို့က "မြတ်စွာဘုရား၊ တပည့်တော်တို့သည် အချင်းချင်းစကားမပြောမဆိုမူ၍ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိဘဲ ဝါတွင်းသုံးလပတ်လုံး ချမ်းသာစွာနေရပါကုန်သည်"ဟု လျှောက်ထားသည်။

မြတ်စွာဘုရားက "ရဟန်းတို့၊ ဤအချည်းနှီးယောကျ်ားတို့သည် မချမ်းသာဘဲ နေကုန်လျက်၊ နွားတို့၏ နေခြင်းကဲ့သို့ နေကုန်လျက်၊ ဆိတ်တို့၏ နေခြင်းကဲ့သို့ နေကုန်လျက်၊ ရန်သူတို့၏ နေခြင်းကဲ့သို့ နေကုန်လျက် ချမ်းသာစွာနေကုန်၏ဟု ဝန်ခံကုန်၏။ အဘယ်ကြောင့် အချည်းနှီးယောကျ်ားတို့သည် တတ္ထိတို့ ဆောက်တည်အပ်သော သူအကဲ့သို့ စကားမဆိုအပ်သောအကျင့်ကို ဆောက်တည်ကုန်သနည်း" ဟု မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့ပြစ်တင်ပြီးလျှင် "ရဟန်းတို့၊ တိတ္ထိတို့ ဆောက်တည်အပ်သော စကားမဆိုသောအကျင့်ကို မဆောက်တည်အပ်။ ဆောက်တည်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" ဟု သိက္ခာပုဒ် ပညတ်တော်မူသည်။

ထို့နောက် မြတ်စွာဘုရားက " ဝါမှထသော ရဟန်းတို့အား မြင်၍ဖြစ်စေ၊ ကြား၍ ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ သုံးပါးသောအကြောင်းတို့ဖြင့် ဖိတ်ကြားခြင်း (ပဝါရဏာပြုခြင်း)ငှာ ခွင့်ပြု၏။ ထိုသို့ ဖိတ်ကြားခြင်းသည် သင်တို့အတွက် အချင်းချင်း လိုက်လျောခြင်း၊ အာပတ်မှ ထမြောက်စေခြင်း၊ ဝိနည်းကိုရှေးရှုခြင်း ဖြစ်လတ္တံ့" ဟု ပဝါရဏာကို ခွင့်ပြုတော်မူလေသည်။ ထို့ကြောင့် ရဟန်းတို့သည် သီတင်းကျွတ်လပြည့်သောအခါ အညီအညွတ်စည်းဝေး၍ ထေရ်စဉ်အလိုက် "ငါ့ရှင်တို့ သံဃာကို ဖိတ်ကြားပါ၏။ မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ အရှင်တို့သည် ကျွန်ုပ်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့။ မြင်သည်ရှိသော် ကုစားပါအံ့"ဟု ပဝါရဏာပြုကြ၏။

ဤသို့လျှင် ရဟန်းတို့ သီတင်းကျွတ်ကြသည်။ လူတို့အနေဖြင့်လည်း ဤသို့ပြုသင့်ကြသည်။ ဤသို့ပြုနိုင်လျှင် အဘယ်မျှ ကြည်နူးဖွယ်ကောင်းမည်နည်း။ အချင်းချင်းမြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ အစဉ်သနားခြင်း မေတ္တာထား၍ ညီညွတ်ကြပါလျှင် အေးချမ်းသာယာ ကောင်းခြင်းမင်္ဂလာများ ပြည့်စုံသည့် လောကလူ့ဘောင် တည်ထွန်းလာမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် အောက်တိုဘာ ၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ဝဇိရာနန္ဒသုဗောဓာရုံ ကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတဝန်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အောင်ပါရမီ ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိအရှင်ဥတ္တမသာရ စာသင်တိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ အောင်သီတာ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ရန်ကင်းပရိယတ္တိစာသင်တိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမသာသနာ့ ဗိမာန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရွှေအိုးရတောရ ကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ ဖားအောက်တောရ ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရက္ခဝတီ တောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်၍ နှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ(၂၀၁၈ ခုနှစ်) ပုဒ်မ ၆၅၊ ပုဒ်မခွဲ (ည) တွင် **"မြို့တော် အင်္ဂါရပ်နှင့်ညီညွတ်စေရန် အဆောက်အအုံများနှင့် ဝင်းခြံများကို သစ်ပင်၊ ချုံပင်များ ရှင်းလင်းစေခြင်း၊ သန့်ရှင်းစေခြင်းနှင့်သတ်မှတ်သော ဆေးရောင်များသုတ်စေခြင်း၊ ဝင်းမခတ်သည့်ခြံမြေကို ဝင်းခြံခတ်စေခြင်း၊ ဟောင်းနွမ်းယိုယွင်းသည့် ဝင်းခြံကိုပြုပြင်စေခြင်း"** ဟု လည်းကောင်း၊ ပုဒ်မခွဲ(ဋ)တွင် **"ပုဒ်မခွဲ (ည)အရ ညွှန်ကြားထားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ပြီး ကုန်ကျစရိတ်ကိုပေးရန် ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူထံ တောင်းဆိုခြင်း"** ဟု လည်းကောင်း ပြဋ္ဌာန်းထားရှိသည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ(၂၀၁၈ ခုနှစ်) ပြဋ္ဌာန်းချက်နှင့်အညီ မြို့တော်သူ မြို့တော်သားများအနေဖြင့် လမ်းမများနှင့် မျက်နှာစာများရှိ မိမိတို့၏ခြံစည်းရိုးများ၊ နေအိမ်များ၊ အဆောက်အအုံနံရံနှင့် ခြံဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများအား သန့်ရှင်းသပ်ရပ်အောင် ရှင်းလင်းဆောင်ရွက်ပေးကြရန်၊ အမြင်မတင့်တယ်သည့် ခြံစည်းရိုးများရှိပါက အမြင်တင့်တယ်အောင် သန့်ရှင်းဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက ဆေးသုတ်မွမ်းမံပေးကြရန် ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ ခရိုင်/ မြို့နယ်များအလိုက် နှိုးဆော်အကြောင်းကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – ဦးနိုင်လင်းကြည်၊ | **စာပြင်** | – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – **ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့** |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)အခမ်းအနား ကျင်းပစဉ်။



သီတင်းကျွတ်လပြည့်နေ့တွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

❂ ရွှေဖုံးမှ

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)နှင့် ဆွမ်းသိမ်းသီလခံယူပွဲ အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက အရုဏ်တက်ချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ဆီမီး ၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဝါဆိုဘုရားရှိခိုးခြင်း၊ စိန်ရောင်ခြည်ဘုရားပင့်ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ စေတီတော်မြတ်ကြီးအား မြတ်ဘုရားရွှေတိဂုံဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊ ပရိသတ်အပေါင်းတို့က နဝင်္ဂသီလခံယူဆောက်တည်ခြင်း၊ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းစသည့်အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် အဘိဓမ္မာအခါတော်နေ့နှင့် ဆွမ်းသိမ်းသီလခံယူပွဲ အောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ပဓာနနာယက ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ သ၊ စ၊ အ ပါဠိပါရဂူ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)ထံမှ ဧည့်ပရိသတ်များက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးအောင်သော်က ဇယမင်္ဂလာ အနုမောဒနာစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



သီတင်းကျွတ်လပြည့်နေ့တွင် ဝရဒါဠာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပဝရာဘိဝံသထံမှ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားပြီး ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများသည် ရွှေတိဂုံစေတီတော်ပတ်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော်ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မဟာဝိဇယစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဆူးလေစေတီတော်၊ ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတို့တွင်လည်း ဂေါပကအဖွဲ့များက ကြီးမှူး၍ ယနေ့နံနက်ပိုင်း အရုဏ်တက်ချိန်တွင် စေတီတော်နှင့် ဘုရားရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ပူဇော်ကြခြင်း၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ လမ်းများ၌ ကုသိုလ်ကောင်းမှုပြုကြခြင်း၊ သက်ကြီး၊ ဝါကြီး၊ မိဘ၊ အဘိုးအဘွား၊ ဆရာသမားများအား ကန်တော့ခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်း၊ ရုံးများ၊ လူနေအိမ်များနှင့် လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းမီးများဖြင့် ထွန်းညှိပူဇော်ကြခြင်းများ ပြုလုပ်ကြသည်။

သတင်း – ဇော်မင်းလတ်(MNA)၊ ကျော်စိုးဝင်း
ဓာတ်ပုံ – ကိုကိုဇော်



သီတင်းကျွတ်လပြည့်နေ့တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား



သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

သီတင်းကျွတ် လပြည့်နေ့သည် မြတ်စွာဘုရားရှင်တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလ ဟောကြားခြင်း ပြီးမြောက်သောနေ့၊ နတ်ဗြဟ္မာအပေါင်းတို့ ခြံရံလျက် တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့၊ ဗြဟ္မာနတ်လူ သုံးဘုံလူတို့ မြတ်စွာဘုရားအား ကြည်ဖြူ ကော်ရော်ပူဇော်သောနေ့၊ လောကဝိဝရဏ တန်ခိုးတော်ကြောင့် စကြဝဠာတစ်ဝန်း လုံးကို တိုးလျှိုပေါက်မြင်ကြရသောနေ့ စသောဂုဏ်ထူး ဝိသေသတို့ဖြင့် အထူး တလည်ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ် သည်။

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓ ဘာသာဝင်များအနေဖြင့် မြတ်စွာဘုရား ရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက် တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော် ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘ ဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ် ဒါနသီလပွားများခြင်း စသည့် သူတော် ကောင်းတရားများကို ကြိုးစားအားထုတ် ဆောင်ရွက်ကြလေ့ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဗုဒ္ဓဂါယာ (နေပြည်တော်)၊ မဟာ သကျရံသီရပ်တော်မူ ရုပ်ရှင်တော် မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှ စေတီတော်၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီ၊ လေ့ခွင်းတောင် တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်၊ သံသရာငြိမ်း အေးစေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်း ကြီးဘုရား၊ လောကရန်နှိမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ် တောင်စေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များ တွင် ယနေ့နံနက်ပိုင်းမှ စတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံ ပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာရောက်ကြသူများသည် တရားဘာဝနာ ပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ တရား သဘင်များကျင်းပခြင်း၊ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူ ဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။



နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၌ အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

“သီတင်းကျွတ်လပြည့်နေ့က ဗုဒ္ဓ ဘာသာဝင်တို့ရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ အတွက်ကြောင့် သူငယ်ချင်းတွေနဲ့အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်တာပါ။ ညပိုင်းမှာ တော့ ကျွန်မတို့သူငယ်ချင်းတွေစုပြီး ရပ်ကွက်ထဲမှာရှိတဲ့ ဘုရားကို ဆီမီး ၁၀၀၀ ပူဇော်ပြီး သက်ကြီးရွယ်အို၊ မိဘဘိုးဘွားတွေနဲ့ ဆရာသမားတွေကို သွားပြီးကန်တော့မှာပါ၊ မြန်မာနိုင်ငံ အတွင်းမှာရှိကြတဲ့ ပြည်သူများအားလုံး ကပ်ကြီးသုံးပါးကိုကျော်လွှားပြီး ကျန်းမာ ရေး၊ လူမှုရေး၊ စီးပွားရေးတွေ အားလုံး အဆင်ပြေကြပါစေလို့ ဆုတောင်းပါ တယ်” ဟု ဥပ္ပါတသန္တိစေတီတော်မြတ် ကြီးသို့ ဘုရားဖူးလာရောက်သည့် မဟန်နီစိုးက ပြောသည်။

ထို့အတူ ဥပ္ပါတသန္တိစေတီတော်မြတ် ကြီး၏ ပရိဝုဏ်အတွင်းရှိ ရတနာ ဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်၌ ဆင်စာကျွေးကြသူများ၊ နိဗ္ဗာန်ကုန်ဆိုင်များနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင်လည်း ဈေးဝယ် ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ရှိ Ocean Super Center၊ Junction Center၊ Naypyitaw Wholesale တို့တွင် ဈေးလာ ဝယ်ကြသူများ၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန် ဥယျာဉ်၊ လေ့ခွင်းတောင်အပန်းဖြေစခန်း၊ ငလိုက်ဆင်စခန်းနှင့် မင်္ဂလာကန်တော် တွင် အပန်းဖြေလာရောက်ကြသူများနှင့် ဘောဂသီရိကားကြီးကွင်း၊ သပြေကုန်းနှင့် မြို့မကားကွင်းတို့တွင်လည်း အနယ်နယ် အရပ်ရပ်သို့ ဘုရားဖူးနှင့် အပန်းဖြေ ခရီးသွားကြသူများဖြင့် စည်ကားလျက် ရှိသည်။

ညပိုင်းတွင်လည်း အဆိုပါဘုရားများ ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံထွန်းညှိ ပူဇော်ကြသူများ၊ မိဘဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ ကြသူများဖြင့် စည်ကားလျက်ရှိ သည်။

အလားတူ ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးရင်ပြင်ပေါ်၌ ဆီမီးထွန်းညှိ ပူဇော်ပွဲများကျင်းပပြီး စေတီတော်မြတ် ကြီးအနီးရှိ တပေါင်းကွင်း၌လည်း FIREWORK အမျိုးအစား မီးရှူး၊ မီးပန်း များ ပစ်ဖောက်ပေးရာ အများပြည်သူများ လာရောက် ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

“နေပြည်တော်မှာရှိတဲ့ အထင်ကရ ဘုရား၊ စေတီတွေကို နေ့ခင်းပိုင်းမှာ သူငယ်ချင်းတွေနဲ့အတူ ဖူးမြော်ခဲ့ပါတယ်၊ လပြည့်နေ့ဖြစ်တဲ့အတွက် ဘုရား၊ စေတီ တွေမှာ ဘုရားဖူးပြည်သူတွေ စည်ကား နေတာတွေ့ရပါတယ်၊ ညပိုင်းမှာတော့ ရေပန်းဥယျာဉ်ထဲက ညဈေးရောင်း ပွဲတော်မှာ ဖျော်ဖြေပွဲရှိတယ်ဆိုလို့ လာရောက်အားပေးတာပါ၊ ညဈေးရောင်း ပွဲတော်မှာ အစားအစာတွေလည်း စုံပြီး ဈေးကလည်း သင့်တင့်ပါတယ်၊ အခု ဝယ်စားတဲ့ အထဲမှာ ဗီယက်နမ်ကော်ပြန့် ကို အကြိုက်ဆုံးပါ၊ မနက်ဖြန်ညမှာလည်း ဖျော်ဖြေရေး အစီအစဉ်ရှိသေးတဲ့အတွက် လာရောက်အားပေးမှာပါ” ဟု နေပြည် တော် ရေပန်းဥယျာဉ်ညဈေးပွဲတော်သို့ လာရောက်လည်ပတ်သူ မောင်တေဇာဖြိုး က ပြောသည်။

ထို့အတူ နေပြည်တော်ရေပန်းဥယျာဉ် အတွင်း ကျင်းပလျက်ရှိသည့် ညဈေး ရောင်းပွဲတော်အတွင်း ဖျော်ဖြေရေးအစီ အစဉ်များအဖြစ် နိုင်ငံတော်တေးသံရှင် များနှင့် The Voice Myanmar မှ တေးသံရှင်များက DJ၊ Music Band များနှင့်အတူ ပရိသတ်အကြိုက် တေး သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လာရောက် ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

**စာမျက်နှာ ၅ သို့** ❖



နေပြည်တော် ရေပန်းဥယျာဉ်အတွင်းရှိ ညဈေးတန်းတွင် သီတင်းကျွတ်လပြည့်နေ့က စည်ကား လျက်ရှိသည်ကို တွေ့ရစဉ်။



နေပြည်တော် ရေပန်းဥယျာဉ်အတွင်း သီတင်းကျွတ်လပြည့်နေ့က စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်း၌ Firework အမျိုးအစား မီးရှူးမီးပန်းများ ပစ်ဖောက်သည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- သတင်းစဉ်

❖ စာမျက်နှာ ၄ မှ

အလားတူ သီတင်းကျွတ်အများပြည်သူရုံးပိတ်ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်သို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထင်ကရ နေရာများသို့ သွားရောက်လည်ပတ်ကြသည့် ဘုရားဖူးကားများကိုလည်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် စည်ကားများပြားစွာ တွေ့မြင်ရသည်။

“သီတင်းကျွတ်ရုံးပိတ်ရက်မှာ မိသားစုနဲ့အတူ တောင်ပေါ်မြို့လေး တစ်မြို့ဖြစ်တဲ့ ပြင်ဦးလွင်မြို့ကို သွားရောက်လည်ပတ်မှာ ဖြစ်ပါတယ်။ အခုက နေပြည်တော်မှာ ထမင်းစားခဏနားနေတုန်း နေပြည်တော်ရဲ့ ဒေသထွက်အစားအစာတွေကို ဝယ်ယူနေတာပါ။ အမြန်လမ်းမကြီး ပေါ်မှာလည်း ကျွန်မတို့လို အလည်အပတ်သွားရောက်ကြတဲ့သူတွေ အများအပြားတွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း အခုလို ရုံးပိတ်ရက်တွေမှာ သွားလာလည်ပတ်နိုင်အောင် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်တွေနဲ့အညီ ဘုရားစေတီတွေကို ဖွင့်လှစ်ပေးတဲ့အတွက် လည်း ကျေးဇူးတင်ပါတယ်”ဟု ရန်ကုန်မြို့မှပြင်ဦးလွင်မြို့သို့သွားရောက် လည်ပတ်သူ မတိုးနန္ဒာက ပြောသည်။

သီတင်းကျွတ်လပြည့်တွင် ဘုရားဖူးလာရောက်ကြသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက နှာခေါင်းစည်းများ ဖြန့်ဝေပေးကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရ သည်။ **သတင်း- မျိုးဆက်သစ်၊ ဓာတ်ပုံ- ကိုကြီးထိန်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် စစ်တွေမြို့ မြို့လုံးကျွတ်ဆွမ်းတော်ကြီး လောင်းလှူပွဲသို့ တက်ရောက်၊ ဆွမ်းဆန်တော်လောင်းလှူ

**စစ်တွေ အောက်တိုဘာ ၉**

စစ်တွေမြို့ မြို့လုံးကျွတ်ဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက်ပြီး ဆွမ်းဆန်တော် လောင်းလှူကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်တော်များ၊ အချိုရည်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား စေတနာထက်သန်စွာဖြင့် ပါဝင်ကုသိုလ်ယူလှူဒါန်းကြသည်။

ဆွမ်းဆန်တော် လောင်းလှူပွဲတွင် စစ်တွေမြို့ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်အပါး ၅၀၀ ကျော်နှင့် သီလရှင် ၁၀၀ ကျော်တို့သည် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးမှ စတင်ကာ ဝက်ပါကွင်းတစ်ပတ်ကြွရောက်ကာ ဆွမ်းဆန်တော်များ အလှူခံကြသည်။

စစ်တွေမြို့ မြို့လုံးကျွတ်ဆွမ်းတော်ကြီး လောင်းလှူပွဲကို သီတင်းကျွတ်လပြည့်တွင် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး ဂေါပကအဖွဲ့က ဦးဆောင်ကာ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## (၁၄)ကြိမ်မြောက် သီတင်းကျွတ်လပြည့်( အဘိဓမ္မာအခါတော်နေ့ )အခမ်းအနားနှင့် အကြိမ်(၁၄၀)မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ရင်ပြင်တော်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဩကာသကန်တော့ချိုးဖြင့် ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိတော်ကောက်နုတ်ချက်များကို ရွတ်ဆိုပူဇော်၍ အရပ်ဆယ်မျက်နှာ မေတ္တာပို့ဖြင့် မေတ္တာပို့သကြသည်။

ဆက်လက်၍ အကြိမ် (၁၄၀) မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားကို ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော် မြတ်ကြီး ရင်ပြင်တော်ဓမ္မာရုံ၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မထေရ်မြတ်နှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်ဇနီး နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးဦး၊ ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ ဘဒ္ဒန္တဇနိန္ဒ မထေရ်မြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကြသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အမြဲတမ်းအတွင်းဝန်၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အင်းသာကျောင်းတိုက်ဆရာတော်ထံမှ ရေစက်ချ တရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အမြဲတမ်းအတွင်းဝန်၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ကြသည်။ **သတင်းစဉ်**

# ပြောင်းလဲရန်လိုအပ်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်း

ဒေါက်တာကီး(ဇလပ်မြေ)

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏အနောက်မြောက်ဘက်တွင်တည်ရှိပြီး ခရိုင်ခြောက်ခရိုင်၊ မြို့နယ်ကိုးမြို့နယ်ဖြင့် ဖွဲ့စည်းထားကာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ သုည ဒသမ ၄၇ သန်းကျော် နေထိုင်လျက်ရှိသည်။ တောင်ပေါ်ဒေသဖြစ်သဖြင့် ချမ်းအေးသောရာသီဥတုရှိပြီး အပူဆုံးသောလမှာ ဧပြီလနှင့်မေလဖြစ်ကာ ပျမ်းမျှအပူချိန်မှာ ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီ ဖာရင်ဟိုက်သာရှိသည်။ အအေးဆုံးကာလများတွင် အပူချိန်မှာ ၃၉ ဒီဂရီဖာရင်ဟိုက်မှ ရေခဲမှတ်အောက်အထိ ကျဆင်းတတ်သည်။ ပျမ်းမျှမိုးရေချိန်မှာ ၈၀ မှ ၁၀၀ လက်မ အတွင်းရှိပြီး အထူးသဖြင့် တောင်ပိုင်းဒေသများတွင် မိုးပိုများသည်။

ဝိတိုရိယတောင်(ခေါ်) ခေါ်နူးစုမ်တောင်၊ အသည်းပုံရိဒ်ရေကန်၊ ဘုံတလာရေတံခွန်၊ ကနေဒီဆင်စခန်း၊ ကနေဒီတောင်နှင့် တနောင်းရေအိုင်တို့သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်မှု အများဆုံးနေရာအဖြစ် ထင်ရှားလျက်ရှိသည်။ ထို့အပြင် တောတောင်တစ်ခုလုံးတွင် အလေ့ကျပေါက်ရောက်လျက်ရှိသော ထင်းရှူးပင်များ၊ ချယ်ရီပန်းများ၊ တောင်ဇလပ်ပန်းနှင့် အောက်ချင်းငှက်တို့သည် ချင်းပြည်နယ်ကို လူသိများစေသည့် အမှတ်သင်္ကေတများဖြစ်သည်။

### ချင်းပြည်နယ်၏ အရင်းအမြစ်များအား ဆန်းစစ်ခြင်း

လူသားအရင်းအမြစ်၊ ရုပ်ဝတ္ထုအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်နှင့် သတင်းအချက်အလက်အရင်းအမြစ်ဟူ၍ အရင်းအမြစ်လေးမျိုးရှိသည်။ ထိုအရင်းအမြစ်များ ဟန်ချက်ညီမျှတမှသာလျှင် လူတစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုတစ်စု သို့မဟုတ် ရပ်ရွာများဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ ချင်းပြည်နယ်သည် လူနေထိုင်မှုကျဲသောတောင်ပေါ်ဒေသဖြစ်ပြီး နှစ်စဉ်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများအရ အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် ချင်းပြည်နယ်၏ အောင်ချက်ရာခိုင်နှုန်းမှာ နည်းပါးလျက်ရှိသည်။ ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရှိနေသော်လည်း တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သူများ၊ အတန်းပညာကို ဆုံးခန်းတိုင်အောင်သင်ယူခွင့်မရသူများနှင့် ကျောင်းမနေခဲ့ရသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသည်မရှိသလောက်ရှားပါးလျက်ရှိသည်။

ရုပ်ဝတ္ထုအရင်းအမြစ်အနေဖြင့် ချင်းပြည်နယ်တွင် မြေဆီမြေနှစ်များကောင်းမွန်ပြီး စိုက်ပျိုးမြေဧရိယာ ၃၃၁၉၅၃ ဧကရှိကြောင်း လေ့လာတွေ့ရှိရသည်။ စိမ့်စမ်း၊ ချောင်းရေနှင့် မြစ်ရေများသည် ရေချိုများဖြစ်သဖြင့် စိုက်ပျိုးရေအဖြစ် ကောင်းစွာအသုံးပြုနိုင်သည်။ ရုပ်ပိုင်းနှင့် ဓာတ်ပိုင်းဆိုင်ရာ (Physical and Chemical Pollution)များ ညစ်ညမ်းမှုနည်းသဖြင့် ရေကိုကျိုချက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း သောက်ရေ၊ သုံးရေအဖြစ် အသုံးပြုကြသည်။


ချင်းပြည်နယ်(တောင်ပိုင်း)၌ တိုးချဲ့စိုက်ပျိုးလာသော ပန်းသီးစိုက်ခင်းများ။

ထို့အပြင် ရေအားလျှပ်စစ်(Hydro Power) ထုတ်ယူနိုင်သည့် အရင်းအမြစ်ကောင်းများလည်းဖြစ်သည်။ မြေပေါ်သယံဇာတများအနေဖြင့် အင်ကြင်း၊ သစ်မာ၊ ထင်းရှူးနှင့် ကျွန်းသစ်ကဲ့သို့သော အဖိုးတန်သစ်များ ပေါက်ရောက်လျက်ရှိသော်လည်း မြေအောက်သယံဇာတတူးဖော်မှုအပိုင်းတွင် မရှိသလောက်ရှားပါးနေသေးသဖြင့် ကျယ်ကျယ်ပြန့်ပြန့် လေ့လာစူးစမ်းရှာဖွေမှုများ ပြုလုပ်သင့်သည်။

မိသားစုတစ်နိုင်တစ်ပိုင် အငယ်စား၊ အသေးစား စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသော်လည်း အလတ်စားနှင့် အကြီးစား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးအရင်းအမြစ်များ လိုအပ်လျက်ရှိနေသည်။ စီးပွားရေးလုပ်ငန်းနှင့် ငွေကြေးသည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဖြစ်ပြီး ထုတ်ကုန်မရှိ၍ ရင်းနှီးမြှုပ်နှံမှုမရှိသလို ရင်းနှီးမြှုပ်နှံမှုမရှိ၍ ထုတ်ကုန်မရှိရခြင်းလည်းဖြစ်သည်။ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍများမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန်အတွက် ကာလတို၊ ကာလလတ်နှင့် ကာလရှည်စီမံကိန်းများ ရေးဆွဲ၍ဆောင်ရွက်သင့်သည်။ ထို့အပြင် ငွေကြေးစီးဆင်းမှု မြန်ဆန်သွက်လက်ပြီး စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သည့် ဘဏ်စနစ်များ ကောင်းမွန်စွာလည်ပတ်ရန် လိုအပ်သည်။

ချင်းပြည်နယ်သည် မိုးများသည့်ဒေသဖြစ်သဖြင့် မိုးရာသီတွင် လမ်းပြိုခြင်းကြောင့် မြို့နယ်ချင်းဆက်လမ်းများသည်ပင်လျှင် ခရီးသွားလာမှုကြန့်ကြာခြင်းများရှိပြီး ကျေးရွာများသို့ သွားလာသည့် လမ်းများသည် ပွင့်လင်းရာသီရောက်မှသာ အသုံးပြုသွားလာနိုင်သည့် အခြေအနေတွင်ရှိသည်။ အလားတူ ဆက်သွယ်ရေးအနေဖြင့် မြို့ပေါ်တွင်သာ ကောင်းမွန်ပြီး ကျေးရွာအများစုတွင် ကောင်းမွန်မှုမရှိခြင်း သို့မဟုတ် ဆက်သွယ်ရေးလိုင်းများမရရှိခြင်းများလည်း ရှိနေသေးသည်။

### အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မှုအခြေအနေ

ချင်းပြည်နယ်တွင် မြို့ပေါ်နေလူဦးရေမှာ ၂၁ ရာခိုင်နှုန်းဖြစ်ပြီး ကျေးလက်ဒေသတွင် ၇၉ ရာခိုင်နှုန်းနေထိုင်လျက်ရှိသည်။ မြို့ပေါ်တွင်နေထိုင်သူများသည် အရောင်းအဝယ်ပြုလုပ်ခြင်း၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြသော်လည်း ကျေးလက်ဒေသတွင် နေထိုင်သူများသည် အဓိကအားဖြင့် တောင်ယာလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့်သာ အသက်မွေးကြရသည်။ မြေပြန့်အလွန်နည်းပါးပြီး တောင်ကုန်းတောင်တန်းများ ထူထပ်လျက်ရှိသဖြင့် လယ်ယာထွန်ယက်စိုက်ပျိုးလုပ်ကိုင်သူ နည်းပါးလျက်ရှိကြောင်း တွေ့ရသည်။

ကော်ဖီ၊ လက်ဖက်၊ ပန်းသီး၊ လိမ္မော်နှင့် ဝဥများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပြီး ဝဥစိုက်ပျိုးမှုသည် တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့် စိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ဒေသနှင့်ကိုက်ညီမှုရှိကာ အားလုံးလက်လှမ်းမီနိုင်သည့် စီးပွားရေးအတွက် ရွေးချယ်စရာတစ်ခုဖြစ်သည်။ သို့ရာတွင် စားကုန်အဖြစ် တန်ဖိုးမြှင့် (Value Added) ထုတ်လုပ်နိုင်မှုမရှိခြင်း၊ နည်းပညာများလိုအပ်နေခြင်းကြောင့် အဆင့်မီထုပ်ပိုးပြီး ဈေးကွက်သို့ဖြန့်ဖြူးရောင်းချနိုင်မှုမရှိခြင်း၊ လုပ်ငန်းတိုးချဲ့ရန် ငွေကြေးအရင်းအနှီးမရှိခြင်းနှင့် ဈေးကွက်ခိုင်မာမှုရှိရန် လိုအပ်ခြင်း စသည့် စိန်ခေါ်မှုများနှင့်ကြုံတွေ့နေရသည်။ မွေးမြူ ရေးအနေဖြင့် နွားနောက်များကို ခြံခတ်စနစ်ဖြင့် အနည်းစုကသာ မွေးမြူကြပြီး လွှတ်ကျောင်းစနစ်ဖြင့်သာ အများစုက မွေးမြူကြသည်။ အခြားသောကြက်၊ ဝက်၊ ဆိတ်နှင့်သိုးများကို အနည်းငယ်မွေးမြူကြသည်။

ချင်းပြည်နယ်၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် အဓိကအားဖြင့် တောင်ယာလုပ်ငန်းဖြစ်သည်နှင့်အညီ ဘိုးဘွားဘီဘင်ကတည်းက အဆင့်ဆင့် လက်ဆင့်ကမ်းတတ်မြောက်ထားရသော ပညာရပ်တစ်ခုဖြစ်ပါသည်။ စီမံကိန်းတစ်ခုဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်များအဆင့်ဆင့်ရှိသကဲ့သို့ တောင်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် သူ့ကာလ၊ သူ့အချိန်နှင့်သူ လုပ်ဆောင်နိုင်မှသာလျှင် စပါးအထွက်ကောင်းပြီး တစ်နှစ်စာရိက္ခာဖူလုံမည်ဖြစ်သည်။

ချင်းပြည်နယ်တွင် လူသားအရင်းအမြစ်နှင့် ရုပ်ဝတ္ထုအရင်းအမြစ်များရှိနေသော်လည်း ငွေကြေးအရင်းအမြစ်နှင့် သတင်းအချက်အလက်အရင်းအမြစ်များ လုံလောက်စွာရရှိရန်လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပြီး ရှိနှင့်ပြီးဖြစ်သော လူသားအရင်းအမြစ်နှင့်ရုပ်ဝတ္ထုအရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးပြုနိုင်ရန်လည်း လိုအပ်နေသည်။ ထို့အပြင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် မြေဧရိယာများစွာ ရှိသဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဇုန်များ တည်ထောင်ခြင်း၊ သုတေသနများပြုလုပ်၍ဒေသနှင့် ကိုက်ညီမည့် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေး ခြင်း၊ နည်းပညာဖြန့်ဖြူးပေးခြင်း၊ ငွေကြေးအရင်းအနှီးများ မတည်ပေးခြင်း သို့မဟုတ်ထောက်ပံ့ပေးခြင်းနှင့် အခြားလိုအပ်သည့် သွင်းအားစုများ ကူညီပံ့ပိုးပေးရန် လိုအပ်လျက်ရှိသည်။

ဒေသနှင့်ကိုက်ညီမှုရှိသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို အမျိုးသမီးနှင့် အမျိုးသားများအတွက် သင်တန်းလိုအပ်ချက်များကို စနစ်တကျဆန်းစစ်လေ့လာ၍ ထိရောက်အကျိုးရှိမည့် သင်တန်းများကိုဖွင့်လှစ်သင့်ပြီး ဒေသထွက်ကုန်ကြမ်းရရှိနိုင်မှု၊ ပြန်လည်အသုံးချနိုင်မှု၊ အလုပ်အကိုင်ရရှိနိုင်မှု၊ ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်ရန် အလားအလာရှိမှုနှင့် ထုတ်ကုန်များရရှိလာပါက ရောင်းချနိုင်မည့်ဈေးကွက်တို့ကိုပါ ထည့်သွင်းစဉ်းစား၍ ဖွင့်လှစ်ရန်လိုအပ်ပါသည်။

ချင်းပြည်နယ်၏ လူသားအရင်းအမြစ်များအား ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်များဖန်တီးပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် မိသားစုဝင်ငွေတိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးခိုင်မာအားကောင်းလာပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည့်အပြင် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှုများကြောင့် လုပ်သားအင်အား ဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ စားဝတ်နေရေး အဆင်ပြေပြီး ဝင်ငွေများတိုးပွားရရှိလာပါက တောင်ယာလုပ်ငန်းလုပ်ကိုင်ခြင်းစနစ် ပပျောက်သွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမှ ကာကွယ်နိုင်မည့်အပြင် လူနေမှုစနစ် ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ပါသည်။ ချင်းပြည်နယ်သည်နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်နှင့်အညီ ချင်းပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**"ကော်ဖီ၊ လက်ဖက်၊ ပန်းသီး၊ လိမ္မော်နှင့် ဝဥများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပြီး ဝဥစိုက်ပျိုးမှုသည် တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့် စိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ဒေသနှင့်ကိုက်ညီမှုရှိကာ အားလုံးလက်လှမ်းမီနိုင်သည့် စီးပွားရေးအတွက် ရွေးချယ်စရာတစ်ခုဖြစ်သည်။ သို့ရာတွင် စားကုန်အဖြစ် တန်ဖိုးမြှင့် (Value Added) ထုတ်လုပ်နိုင်မှုမရှိခြင်း၊ နည်းပညာများလိုအပ်နေခြင်းကြောင့် အဆင့်မီထုပ်ပိုးပြီး ဈေးကွက်သို့ဖြန့်ဖြူးရောင်းချနိုင်မှုမရှိခြင်း၊ လုပ်ငန်းတိုးချဲ့ရန် ငွေကြေးအရင်းအနှီးမရှိခြင်းနှင့် ဈေးကွက်ခိုင်မာမှုရှိရန် လိုအပ်ခြင်း စသည့်စိန်ခေါ်မှုများနှင့်ကြုံတွေ့နေရ"**


ချင်းပြည်နယ်မှ ဈေးကွက်ဝင်ထောပတ်သီးများ။

# မွန်ပြည်နယ် ပွင့်နေခြည်ဇာတ်သဘင်အဖွဲ့အတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၉**

အောက်တိုဘာ ၅ ရက်က မြဝတီအာရှလမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သော မြန်မာနိုင်ငံသဘင်အစည်းအရုံးဝင် မွန်ပြည်နယ်မှ ပွင့်နေခြည်ဇာတ်အဖွဲ့အား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော်ရှိ လောကနတ်ခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို တက်ရောက်ပြီး ထောက်ပံ့ငွေပေးအပ်၍ ကရုဏာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်ဝန်ထမ်းများ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးစိန်မြအောင်၊ အတွင်းရေးမှူး ဦးနေဝင်းနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ယခုကဲ့သို့ ပွင့်လင်းရာသီကာလ၌ သဘင်အနုပညာရှင်များအနေဖြင့် ကပ်ရောဂါဘေးဆိုးကြီးအကြားမှ ရုန်းကန်လှုပ်ရှားရန် ကြိုးပမ်းရင်းဖြင့် ယခုကဲ့သို့ ကြုံတွေ့သွားရခြင်းအတွက် များစွာစိတ်မကောင်းဖြစ်ရကြောင်း၊ သဘင်အစည်းအရုံးမှ တာဝန်ရှိသူများအနေဖြင့် သတင်းရလျှင်ရချင်း ကူညီဆောင်ရွက်သင့်သည်များကို ငွေအား၊ လူအားဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ခြင်းအတွက် အသိအမှတ်ပြုလေးစားကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သော မြန်မာနိုင်ငံသဘင်အစည်းအရုံးကြီးကို ကူညီချင်သောစေတနာ၊ စာနာတတ်သောစိတ်ထားများဖြင့် အလေးအနက်ထား၍ ယခုကဲ့သို့ အခမ်းအနားကျင်းပကာ ကူညီထောက်ပံ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)သို့ ငွေကျပ် ၂၂ သိန်းကို ထောက်ပံ့ပေးအပ်ရာ အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မြအောင်၊ အတွင်းရေးမှူး ဦးနေဝင်းနှင့် ဗဟိုကော်မတီဝင် ဦးမြစည်သူတို့က လက်ခံရယူကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော အနုပညာရှင်ဝန်ထမ်းများက ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ အနုပညာရှင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းက ငွေကျပ် နှစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံသဘင်အစည်းအရုံးဗဟိုကော်မတီဝင် ဦးဌေးလွင်က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးစိန်မြအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များသည် ယနေ့နံနက်ပိုင်းမှစတင်၍ တည်းခိုနေထိုင်ကြမည့် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေစခန်းသို့ ရောက်ရှိကြသည်။

ထိုသို့ ရောက်ရှိလာကြသည့် ပြိုင်ပွဲဝင်အဖွဲ့များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး သတ်မှတ်ထားသည့် တည်းခိုဆောင်များအလိုက် နေရာချထားပေးကာ စုဖွဲ့ပေးထားသည့် ဆပ်ကော်မတီများအလိုက် တာဝန်ရှိသူများက ပြိုင်ပွဲဝင်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးကြသည်။

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များတွင် ကချင်ပြည်နယ်မှ ၁၀၃ ဦး၊ ကယားပြည်နယ်မှ ၉၃ ဦး၊ ကရင်ပြည်နယ်မှ ၁၁၀ ၊ ချင်းပြည်နယ်မှ ၇၇ ဦး၊ မွန်ပြည်နယ်မှ ၁၀၈ ဦး၊ ရခိုင်ပြည်နယ်မှ ၁၀၀ ၊ ရှမ်းပြည်နယ်မှ ၁၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၃၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၈၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၇၀၊ မန္တလေးတိုင်းဒေသကြီးမှ ၂၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၅၂ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၂၀၃ ဦးတို့ ရောက်ရှိကြပြီး တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် ၁၄၆ ဦးသည်လည်း အောက်တိုဘာ ၁၀ ရက်တွင် ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ပြိုင်ပွဲဝင်အဖွဲ့များ အနားယူနေချိန်အတွင်း သုတ၊ ရသ ၊ ကဏ္ဍစုံလင်စွာ ပါဝင်သည့် စာအုပ်၊ စာစောင်များ ဖတ်ရှုနိုင်သည့် စာကြည့်တိုက်ကို အုပ်ချုပ်မှုအဆောင်၌ ဖွင့်လှစ်ထားသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနကလည်း ပြိုင်ပွဲဝင်အဖွဲ့များ ကျန်းမာရေးကိစ္စတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် အနောက်တိုင်းဆေးခန်းနှင့် တိုင်းရင်းဆေးခန်းတို့ ဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

**သတင်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ဟိန်းအောင်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၅/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် အောက်တိုဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာငံနှင့် ထားဝယ်မြို့များတွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ်(၅/၂၀၂၂)အား ၁၇-၁၀-၂၀၂၂ ရက်နေ့မှ ၂၅-၁၁-၂၀၂၂ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်-

- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်) အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး) အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်) ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ) အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား) အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ) ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်) အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ) မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာငံ) အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှာငံမြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်) အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# မျိုးဆက်သစ်များအနေဖြင့် စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် မြန်မာနိုင်ငံစက်မှုလက်မှု သမိုင်းပြုစုခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်းပြီးစီးရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့မှုကို မျိုးဆက်သစ်များလေ့လာနိုင်ရန်၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊ စက်မှုကဏ္ဍနှင့် ပတ်သက်၍ သင်ခန်းစာဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံစက်မှုလက်မှု သမိုင်းပြုစုခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်း ပြုစုရေးဦးစီးကော်မတီ၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ ပူးပေါင်းညှိနှိုင်းအစည်းအဝေး(၃၆/၂၀၂၂)ကို အောက်တိုဘာ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ကျင်းပသည်။



ရှေးဦးစွာ မြန်မာနိုင်ငံစက်မှုလက်မှု သမိုင်းပြုစုရေး ဦးစီးကော်မတီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မြန်မာနိုင်ငံစက်မှုလက်မှု သမိုင်းစာအုပ်တွင် ပါဝင်မည့် အတွေ့အကြုံ၊ လောကဓံနှင့် သုံးသပ်ချက်များသည် အနာဂတ်လူငယ်မျိုးဆက်သစ်များအတွက် အရေးကြီးကြောင်း၊ စက်မှုလက်မှုကဏ္ဍအတွက် လိုအပ်မည့် လူ့စွမ်းအားအရင်းအမြစ် ဖြည့်ဆည်းပေးနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကတည်းက ဆောင်ရွက်ခဲ့သလို ယခုအချိန်တွင် ပိုမိုဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း ပြုစုရေးအဖွဲ့ဝင်ပညာရှင်များ၏ အဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံများနှင့် နားလည်သဘောပေါက်မှုများကို အနာဂတ်မြန်မာနိုင်ငံသူ/နိုင်ငံသားများအတွက် အထောက်အကူဖြစ်စေရန် ပြည့်ပြည့်စုံစုံလက်ဆင့်ကမ်း မျှဝေပေးစေလိုကြောင်း၊ ယခုပြုစုနေသည့် မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း စာအုပ်သည် နောင်လာနောက်သား မျိုးဆက်သစ်များအနေဖြင့် စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ကြိုးစား၍ ပြုစုနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းအား သတ်မှတ်ချိန်တွင် ပြီးစီးနိုင်ရေးအတွက် အားလုံးပူးပေါင်း ဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ဆက်လက်၍ အကြံပေးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သတင်းအချက်အလက်ရှာဖွေစုဆောင်းရေးဆပ်ကော်မတီဝင်များ၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များက မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းအား ပြည့်စုံအောင် ရေးသားထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနမှ စက်ရုံများ ငှားရမ်း/ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအားတွေ့ဆုံ၍ နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက ကြုံတွေ့နေရသည့် အခက်အခဲများ၊ လက်ရှိလုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)တွင် တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများနှင့် မိတ်ဆက်ပွဲ ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)တွင် တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများ မိတ်ဆက်ပွဲနှင့် ညစာစားပွဲကို အောက်တိုဘာ ၈ ရက် ညနေ ၆ နာရီက အေးသာယာမြို့ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

**ပြောကြား**

မိတ်ဆက်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)ကျောင်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ စတင်၍ အားကစားနည်း ၁၀ နည်းဖြင့် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ကျောင်းတော်မှ ပြည်နယ်နှင့် တိုင်းအဆင့် အားကစားသမား ၁၁၃ ဦး၊ နိုင်ငံ့ကိုယ်စားပြု အားကစားသမား ၃၅ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ လူငယ် လူရွယ်များကို မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ပေးခြင်း၊ နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သော အားကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလှူငွေများ ပေးအပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ လည်းကောင်း၊ လင်းမြတ်နိုင်ဆောက်လုပ်ရေး ကုမ္ပဏီမှ ငွေကျပ်သိန်း ၃၀ Shanhone Land၊ ယွန်းပိုးသံစဉ် ဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ်သိန်း ၂၀၊ ရေလယ်ကျွန်းဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ် ၁၀ သိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)လမ်းဦးစီးဌာနမှ ငွေကျပ်သိန်း ၃၀၊ ရေလယ်ကျွန်းဆောက်လုပ်ရေးကုမ္ပဏီမှငွေကျပ် ၁၀ သိန်းကို အသီးသီးပေးအပ်လှူဒါန်းကြရာ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)ကျောင်းအုပ်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျောင်းသား ကျောင်းသူလေးများက ဖျော်ဖြေရေး အစီအစဉ်ဖြင့် တင်ဆက်ကြကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဟုမ္မလင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ သာသနာ့ဇောတိက မြို့မကျောင်းတိုက် ဘဒ္ဒန္တကုလ္လဝံသ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့နယ် အောင်သာငြိမ်းကျေးရွာ ငါးသားပေါက်စခန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ဟုမ္မလင်းတပ်နယ်ခန်းမတွင် ကျင်းပသော ဟုမ္မလင်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ပြည်သူ့စစ်ဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် အတူ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ဝတ်စုံများ အသီးသီးထောက်ပံ့ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးအဆောက်အအုံသစ် ဆောက်လုပ်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ ယာယီရုံးအစည်းအဝေးခန်းမတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ဆောက်လုပ်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရုံးအဆောက်အအုံသစ်ဆောက်လုပ်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မိုးနဲမြို့နယ်လုံးဆိုင်ရာ သံဃာအပါး ၆၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မိုးနဲ အောက်တိုဘာ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ သံဃာအပါး ၆၀၀ ကျော်အား သံဃဒါန မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် ပြည်ထောင်စုလမ်း မိုးနဲလမ်းပိုင်း မြို့တွင်းလမ်းတစ်လျှောက်၌ ယနေ့ နံနက် ၆ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ယင်းသို့လောင်းလှူရာတွင် ဗုဒ္ဓရုပ်ပွားတော်အား ရှေ့ဆုံးမှ ပင့်ဆောင်၍ ပရိတ်ရွတ်ဖတ်ပူဇော်ခြင်း၊ ပင့်သံဃာ ဆရာတော်အရှင်သူမြတ်အပါး ၆၀၀ ကျော်ဖြင့် မိုးနဲမြို့ နာဟောင်ရပ်ကွက် ရွှေကျောင်းတော် ဘုန်းတော်ကြီးကျောင်းမှစတင်ကာ ပြည်ထောင်စုလမ်းတစ်လျှောက် ကြွရောက်တော်မူခဲ့ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့သူ မြို့သားများ၊ ဈေးသူ ဈေးသားများနှင့် စေတနာရှင် အလှူရှင်များက ဆွမ်းဆန်တော်၊ ကြက်သွန်နှင့် ဆပ်ပြာအပြင် လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံကို မြို့လုံးကျွတ်စည်ကားသိုက်မြိုက်စွာ လောင်းလှူပူဇော်ကြသည်။

မြို့နယ်လုံးကျွတ်ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲတွင် ဆရာတော်အရှင်သူမြတ်များ အေးချမ်းစွာ အလှူခံကြွရောက်တော်မူနိုင်ရန် ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများက ဝိုင်းဝန်းကူသိုလ်ပြုလိုက်ပါကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



ရန်ကုန်မြို့လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်၌ ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ညက ဈေးရောင်းပွဲတော် လာရောက်ကြသော ပြည်သူများ စိတ်အပန်းပြေစေရန်နှင့် ရွှေတိဂုံစေတီတော်ကြီးအား ရောင်စုံမီးရှူး မီးပန်းများဖြင့် ထွန်းညှိပူဇော်နေမှုကို မြင်တွေ့ရစဉ်။ ဓာတ်ပုံ- စောရွှေဝှန်း

## မွန်ပြည်နယ် ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနား၊ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

သီတင်းကျွတ်လပြည့် အခါသမယတွင် မွန်ပြည်နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများ၊ စေတီများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိရာ ယနေ့ နံနက်ပိုင်းက သီတင်းကျွတ်လပြည့်အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ကျိုက္ခမီ ရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး သာသနဝ္ဗိမာန်တော်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ တက်ရောက် ဖူးမြော်ကြည်ညိုကြပြီး ကျိုက္ခမီမြို့ အဘိဓမ္မာအသင်းမှ မျှော်ချင့်ပဏ္ဏာ ကန်တော့လွှာဖြင့် ရွတ်ဆိုပူဇော်ခြင်း၊ အေးရိပ်သာ မန္တလေးကျောင်းတိုက်ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ခြင်း၊ မေတ္တာသုတ် ပရိတ်တော် နာယူကြည်ညိုခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်၍ အလှူငွေများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုက္ခမီရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီး ဘက်စုံမွမ်းမံ ဆောင်ရွက်ထားရှိမှု၊ ဘုရားဖူးများ တည်းခိုနေထိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးနှင့် ကိုဗစ်- ၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရေးကို အလေးထားဆောင်ရွက်ပေးကြရန် လမ်းညွှန်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ ပြည်နယ် လူမှုရေးဝန်ကြီး ဦးမြတ်သွင်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက တက်ရောက်ပူဇော်ကြည်ညိုကြသည်။

ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အဘယသုတကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သာသနထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ခြင်း၊ ဆရာတော်ကြီးများထံမှ မေတ္တာသုတ် ပရိတ်တရားတော် နာယူကြည်ညိုခြင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးက သာသနာရေး ဆိုင်ရာများ လျှောက်ထားခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ ဆောင်ရွက်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများနှင့် ဆွမ်းဆန်စိမ်းလောင်းလှူကြကြောင်း သိရသည်။

**သတင်းစဉ်**



## ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် အောက်တိုဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၄ နာရီခွဲက ထားဝယ်မြို့ တလိုင်းမရပ် ဆိပ်ကမ်းသာလမ်း ပြည်သူ့အပန်းဖြေရင်ပြင် ထားဝယ်မြစ်ကမ်း၌ ကျင်းပသည်။

**နှစ်စဉ်ကျင်းပ**

သပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်တွင် ကျင်းပလေ့ရှိပြီး စေတနာရှင်၊ အလှူရှင်များက သပိတ်မျှောပွဲ လာရောက်ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သပိတ်မျှောပွဲတွင် မီးပုံးပျံအငယ် လွှတ်တင်ခြင်း၊ ထားဝယ်ရိုးရာ ယဉ်ကျေးမှုအက၊ ထားဝယ်ဒေသ သပိတ်မျှောပွဲအက၊ ရွှေဝယ်သူများ ရေအိုးရွက် ယိမ်းအက၊ သမိုင်းအလှ တနင်္သာရီအက၊ ရှေးထားဝယ်ရိုးရာ ယိမ်းအက၊ ရွှေဝယ်သူများ ရေခပ်သွားအက၊ အိုးစည်အကတို့ဖြင့် သီဆိုဧည့်ခံ ဖျော်ဖြေခြင်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့နှင့် တီးဝိုင်းအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။

**စည်ကားသိုက်မြိုက်**

သပိတ်မျှောပွဲကို နံနက် ၄ နာရီခွဲမှ နံနက် ၆ နာရီအထိ စည်ကားသိုက်မြိုက်စွာကျင်းပပြီး ဒေသခံပြည်သူများက သပိတ်မျှော ကုသိုလ်ယူလျက်ရှိကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မှိုမျိုးစုံတစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှ စီးပွားဖြစ်စိုက်ပျိုးကြစေရေး ကြိုးပမ်းဆောင်ရွက်

ဒေါက်တာတင်မာမာဦး

ကမ္ဘာပေါ်တွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသည့် မှိုအမျိုးအစား များစွာရှိသည်။ ရှေးယခင်က သဘာဝအလျောက် အလေ့ကျပေါက်လေ့ရှိသော သဘာဝမှိုများကိုသာ စားသုံးနေခဲ့ကြရပြီး အချို့သော မှိုအမျိုးအစားများအား စားသုံးမိသည့်အခါ အခန့်မသင့်ပါက မှိုအဆိပ်ဖြစ်၍ အကြောတက်ခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်းတို့ဖြစ်စေနိုင်သည့်အပြင် အသက်သေဆုံးသည်အထိပင် အန္တရာယ်ရှိနိုင်ပါသည်။

**တစ်နှစ်ပတ်လုံး စိုက်ပျိုးမွေးမြူ**

လူသားများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရန် စိုက်ပျိုးရေးပညာရှင်များသည် စားသုံးသင့်သည့်မှိုများကို လေ့လာရွေးချယ်၍ မှိုမျိုးမှုန်(Spore) မှ မျိုးမွေးမြူခြင်း၊ မှိုအသားစမှ မျိုးမွေးမြူခြင်း၊ သီးနှံမျိုးစေ့များအသုံးပြု၍ မျိုးပွားစာပြုလုပ်၍ စိုက်ပျိုးထုတ်လုပ်ခြင်းများကို စမ်းသပ်မှု သုတေသနလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမှိုများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးမွေးမြူ ထုတ်လုပ်လာခဲ့ရာ ယနေ့ကာလတွင် စားသုံးသူ ပြည်သူများအနေဖြင့် စိုက်ပျိုးမှိုအမျိုးမျိုးတို့ကို ယုံကြည်စိတ်ချစွာဖြင့် စိုက်ပျိုးစားသုံးလာနိုင်ခဲ့ပြီ ဖြစ်သည်။

မှိုအမျိုးမျိုးတို့ကို မိမိတို့နေအိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ရန်အတွက် မှိုစိုက်ပျိုးနည်းပညာများနှင့် မှိုအမျိုးမျိုးတို့၏ မှိုမျိုးစိုက်ထုပ်များ မွေးမြူခြင်းနည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ဒေသခံပြည်သူများ၏ မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် ရေရှည်တည်မြဲစေမည့် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပေးခြင်းနှင့် ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ပစ္စည်း ထုတ်လုပ်နိုင်ရေးနည်းပညာပေးခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ



စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှိုစိုက်ပျိုးထုတ်လုပ်မှုပြခန်းများအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။

တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူများအား မှိုသီးနှံ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းမှ စီးပွားဖြစ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် မှိုစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းများကို ဖွင့်လှစ်ပို့ချခြင်း၊ ဝန်ထမ်းများနှင့် တောင်သူများကိုယ်တိုင် မှိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ပြင်ဦးလွင်မြို့ရှိ မြန်မာ-ခါနန် တောင်သူလယ်သမားနည်းပညာဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းကျောင်းနှင့် ချိတ်ဆက်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဝန်ထမ်း ၄၀ အား မှိုမျိုးစုံ မွေးမြူစိုက်ပျိုးထုတ်လုပ်နည်း TOT သင်တန်းများ တက်ရောက်စေပြီး တောင်သူများသို့ ထပ်ဆင့်သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီကလည်း မှိုစိုက်ပျိုးထုတ်လုပ်ရေး အမှတ်စဉ် ( ၄/ ၂၀၂၂) သင်တန်းကို ဩဂုတ်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ဖွင့်လှစ်ပို့ချရာ ဌာနဆိုင်ရာ ဝန်ထမ်း ၄၀ နှင့် တောင်သူ ၂၀ တက်ရောက်ခဲ့ကြသည်။

မှိုသီးနှံအား မိမိနေထိုင်သည့် အိမ်ဝင်းများအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုများ၏ မီးဖိုချောင်ကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ ဘေးအန္တရာယ်ကင်း၍ အာဟာရပြည့်ဝသည့်မှိုများကို အချိန်မရွေး လတ်လတ်ဆတ်ဆတ်ခူးဆွတ်စားသုံးနိုင်ခြင်း၊ ပိုလျှံသည်များကို အိမ်နီးချင်းများနှင့်ဝေမျှစားသုံးနိုင်ခြင်းဖြင့် ကောင်းမွန်သည့် အသိုက်အဝန်းတစ်ခု ဖန်တီးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

**အဓိကထူးခြားချက်**

စိုက်ပျိုးမှိုအမျိုးမျိုးတို့၏ အဓိကထူးခြားချက်မှာ သဘာဝမှိုအချို့နှင့်နှိုင်းယှဉ်လျှင် အရသာအနေဖြင့် ပေါ့သည်ဟုထင်ရသော်လည်း စားသုံးသူလူသားများအတွက် ဘေးအန္တရာယ် လုံးဝကင်းရှင်းခြင်းပင်ဖြစ်သည်။ စိုက်ပျိုးမှိုဖြစ်စေ၊ သဘာဝမှိုဖြစ်စေ စားသုံးနိုင်သော မှိုအမျိုးအစားအားလုံး၏ တူညီသည့်အချက်များမှာ လူသားများကို အရသာအနေဖြင့် စွဲလမ်းမှုဖြစ်ပေါ်စေခြင်း၊ အာဟာရဓာတ်ပြည့်ဝစေခြင်းတို့သာမကဘဲ ဗိုင်းရပ်စ်ရောဂါများကာကွယ်ပေးခြင်း၊ လူ၏ကိုယ်ခံစွမ်းအား (Immune System) ကို မြှင့်တင်ပေးခြင်း စသည့် အာနိသင်အနည်းအများသာ မှိုအမျိုးအစားအလိုက် ကွာခြားသည်။ ယခုကဲ့သို့ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ပျံ့နှံ့ဖြစ်ပွားနေချိန်ကာလတွင် မိမိတို့၏ ကိုယ်ခံအားကိုမြှင့်တင်နိုင်သည့် အစားအစာများကို ရွေးချယ်စားသောက်ရန်လိုအပ်ရာ မှိုစားသုံးခြင်းဖြင့် လူသားများကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**အလွယ်တကူ စိုက်ပျိုးနိုင်**

မှိုအမျိုးမျိုးရှိသည့်အနက် ငွေနှင်းမှို၊ ကောက်ရိုးမှိုနှင့် ကြွက်နားရွက်မှိုများသည် အလွယ်တကူ စိုက်ပျိုးနိုင်သည့်မှိုများဖြစ်ပြီး ငွေနှင်းမှိုအား နေအိမ်တိုက်ခန်းများတွင် လေပြင်းတိုက်ခတ်မှုမရှိဘဲ လေဝင်လေထွက်ကောင်းမွန်၍ တိုက်ရိုက်မပူသော အစိုဓာတ်ကောင်းမွန်သည့် နေရာများတွင် အလွယ်တကူ စိုက်ပျိုးနိုင်သည်။ ကောက်ရိုးမှိုသည် အာဟာရတန်ဖိုးမြင့်မားသည့် မှိုတစ်မျိုးဖြစ်ပြီး ဒေသတွင်းပေါများစွာရရှိသော ကောက်ရိုးထုံးများဖြင့် နေရာမရွေး အလွယ်တကူစိုက်ပျိုးနိုင်ပါသည်။ ကောက်ရိုးရရှိရန်ခက်ခဲသော မိသားစုများအနေဖြင့် ငွေနှင်းမှို၊ ငွေမိုးမှို၊ ကြွက်နားရွက်မှိုစသည့် မှိုများကို မိမိအိမ်ရှိ မိုးလုံလေလုံအခန်းတွင် စင်ပြုလုပ်၍သော်လည်းကောင်း၊ ချိတ်ဆွဲ၍သော်လည်းကောင်း စိုက်ပျိုးနိုင်ပါသည်။ ကြွက်နားရွက်မှိုသည် ဗိုင်းရပ်စ်ရောဂါကာကွယ်ခြင်းနှင့်ကိုယ်ခံအားမြှင့်တင်နိုင်သော အာနိသင်များအပြင် သွေးကြောအတွင်း သွေးခဲမှုကိုကာကွယ်ပေးခြင်း၊ နှလုံးရောဂါကို ဟန့်တားနိုင်ခြင်းနှင့် အသားရေကို ချောမွေ့စေခြင်း စသည့်အာနိသင်များလည်းရှိပါသည်။

သို့ဖြစ်ပါ၍ လူသားတို့အတွက် ယုံကြည်စိတ်ချစွာ စားသုံးနိုင်ပြီး လူ၏ကိုယ်ခံစွမ်းအား (Immune System) ကို မြှင့်တင်ပေးနိုင်သော စိုက်ပျိုးမှိုအမျိုးမျိုးတို့ကို မိမိတို့နေအိမ်ခြံဝင်းအတွင်း၌ဖြစ်စေ ကားဂိုဒေါင်အတွင်း၌ဖြစ်စေ၊ မီးဖိုချောင်အတွင်း၌ဖြစ်စေ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ပြီး စားသုံးကြရန်အတွက် မှိုစိုက်ပျိုးနည်းပညာများနှင့် မှိုအမျိုးမျိုးတို့၏ မှိုစိုက်ထုပ်များကို စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိ မှိုခြံများမှဖြန့်ဝေပေးလျက်ရှိပါသည်။

မှိုစိုက်ပျိုးရေးလုပ်ငန်းသည် အချိန်တိုအတွင်း ဝင်ငွေရရှိသည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မှိုစိုက်ပျိုးသူများအနေဖြင့် မိမိအိမ်ခြံဝင်းအတွင်း မြေနေရာကျဉ်းကျဉ်းတွင် အရင်းအနှီးအသင့်အတင့်ဖြင့် မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းအသွင်မှသည် စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ငန်းလည်းဖြစ်သည့်အတွက် မိသားစုများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

မှိုစိုက်ပျိုးထုတ်လုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လည်း ဆက်စပ်လျက်ရှိသည်။ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံဘေးထွက်ပစ္စည်းများ၊ စက်မှုစွန့်ပစ်ပစ္စည်းများကို ယခင်က ထယ်ထိုးထွန်မွှေခြင်း၊ မီးရှို့ပစ်ခြင်းများကိုသာ ပြုလုပ်ခဲ့သော်လည်း ယခုအခါ အဆိုပါအမှိုက်များအား မှိုမွေးမြူစိုက်ပျိုးရာတွင် ပြန်လည်အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ခြင်း၊ တောင်သူများအတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းမှ မိသားစုအပိုဝင်ငွေ ရရှိနိုင်စေခြင်း၊ ထိုမှတစ်ဆင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှုအဖြစ် မိမိတွင်ရှိသော မြေနေရာကျဉ်းကျဉ်းတွင် မှိုအမြောက်အမြား စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် မိသားစုအတွက် တစ်ပိုင်တစ်နိုင်ဝင်ငွေမှသည် စီးပွားဖြစ်လုပ်ငန်းကြီးတစ်ရပ်အဖြစ် တိုးတက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။ ။



> **“မှိုအမျိုးမျိုးရှိသည့်အနက် ငွေနှင်းမှို၊ ကောက်ရိုးမှိုနှင့် ကြွက်နားရွက်မှိုများသည် အလွယ်တကူ စိုက်ပျိုးနိုင်သည့်မှိုများဖြစ်ပြီး ငွေနှင်းမှိုအား နေအိမ်တိုက်ခန်းများတွင် လေပြင်းတိုက်ခတ်မှုမရှိဘဲ လေဝင်လေထွက်ကောင်းမွန်၍ တိုက်ရိုက်မပူသော အစိုဓာတ်ကောင်းမွန်သည့် နေရာများတွင် အလွယ်တကူ စိုက်ပျိုးနိုင်သည်။ ကောက်ရိုးမှိုသည် အာဟာရတန်ဖိုးမြင့်မားသည့် မှိုတစ်မျိုးဖြစ်ပြီး ဒေသတွင်းပေါများစွာရရှိသော ကောက်ရိုးထုံးများဖြင့် နေရာမရွေး အလွယ်တကူ စိုက်ပျိုးနိုင်”**

# မန္တလေးမြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး မီးထွန်းပွဲတော်များ ကျင်းပ



**မန္တလေး အောက်တိုဘာ ၉**

ယနေ့ကျရောက်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)သည် နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ စေတီပုထိုးများနှင့် ဓမ္မာရုံများ၌ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ဥပုသ်သီလခံယူဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

မန္တလေးနေပြည်သူများသည် ဒေသ၏ ကုသိုလ်ကောင်းမှုပြုလုပ်ကြသည့် ဓလေ့ထုံးစံအတိုင်း နံနက်အရုဏ်တက်တွင် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဘုရားဂေါပကတာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများအတိုင်း ဆက်ကပ်လှူဒါန်းကြပြီး မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီး၊ စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့တွင်လည်း ကုသိုလ်ပြုကြသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိသည် တွေ့မြင်ရသည်။

မန္တလေးမြို့ရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရား၏ (၁၃၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃဒါနဆွမ်းတော်ကြီး လောင်းလှူပွဲကို ကျင်းပခဲ့ပြီး မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပမြဲဖြစ်သည့်အတိုင်း စက်တင်ဘာ ၈ ရက်မှစတင်၍ ကျင်းပလျက်ရှိရာ ယနေ့သီတင်းကျွတ်လပြည့်နေ့တွင်လည်း အလှူရှင်ပြည်သူများ၊ ဘာသာရေးအသင်းအဖွဲ့များက ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ လျှပ်စစ်မီး၊ ဖယောင်းတိုင်၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ နိဗ္ဗာန်ဈေးရောင်းချခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများနှင့်အညီ ဆွမ်းဆန်တော်လောင်းလှူပူဇော်ခြင်း၊ ဓမ္မစကြာရွတ်ဆိုခြင်း၊ ပရိတ်တရားတော်များနှင့် ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ သက်ကြီးဝါကြီးများအား ကန်တော့ခြင်းစသည့် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြပြီး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ကျန်းမာချမ်းသာ၍ ငြိမ်းချမ်းကြစေကြောင်း ဆုမွန်ကောင်းများတောင်း၍ မေတ္တာပို့သကြသည်။

သီတင်းကျွတ်လပြည့် ညပိုင်းတွင်လည်း မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို မန္တလေးမြို့တော် ရတနာပုံဥယျာဉ်အရှေ့ဘက်ခြမ်းတွင် ကျင်းပရာ စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံပြီး မြို့မတေးဂီတအဖွဲ့၊ ကျောက်ဆည်ဆင်အက၊ မန်းစည်ပင်တေးဂီတအဖွဲ့တို့က ရိုးရာအကအလှများဖြင့် ဖျော်ဖြေခဲ့ကြပြီး မန္တလေးမြို့တွင်းရှိ အထင်ကရဘုရားများနှင့် ရပ်ကွက်အတွင်းရှိ ဘုရား၊ စေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များတွင် မြတ်စွာဘုရားရှင်ကို ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ကြခြင်း၊ ကလေးငယ်များက မီးရှူးမီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားခြင်းများအပြင် မိသားစုအလိုက် မိဘ၊ ဆရာသမားများအား ဂါရဝပြုကန်တော့ခြင်းတို့ဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ပုံရိပ်ကို ပီပြင်စွာ ဖော်ထုတ်ခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**ပြင်ဦးလွင် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) နံနက်ပိုင်းမှစ၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ၊ လာရောက်ဖူးမြော်ကြည်ညိုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများသည် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား ဦးစွာလာရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ရွှေသင်္ကန်းများကပ်လှူပူဇော်ခြင်း၊ ဘက်စုံသုံးအလှူငွေများ ပါဝင်လှူဒါန်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဖြင့် ကုသိုလ်ယူခြင်းနှင့် အပန်းဖြေအနားယူပြီး အလှူရှင်များက အအေး၊ ဖျော်ရည်များ တိုက်ကျွေးခြင်းတို့ဖြင့် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး ပတ်ဝန်းကျင်တစ်လျှောက် စည်ကားများပြားလျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**

**○ ၂၀၂၂ ခုနှစ်မှ**

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပမည်ဖြစ်ရာ ယင်းအခမ်းအနားကျင်းပပုံများကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီ မိနစ် ၅၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD ၊ MRTV News ၊ MWD ၊ MWD Variety ၊ MITV၊ MOI Website ၊ MOI Youtube ၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM ၊ FM ပုဂံ ၊ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**MRTV**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြား



**ပြင်ဦးလွင် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများနှင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်-လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းကို နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့် ခေတ်မီ 5D LED DIGITAL မှန်တံတား၊ ခေတ်မီကလေးကစားကွင်း၊ Jumping Cloud၊ ကြိုးတံတား၊ အလှသစ်လုံးအိမ်၊ တောတွင်းလျှောက်လမ်း၊ အမှတ်တရအလှဓာတ်ပုံရိုက်ကူးရန်နေရာများ၊ အဆင့်မြင့်ကော်ဖီဆိုင်နှင့် စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ဒေသထွက်ပစ္စည်းအရောင်းဆိုင်များနှင့် ဒေသထွက်အစားအစာ စားသောက်ဆိုင်များ စီစဉ်ထားသည့်အပြင် ဆင်လိမ္မာလေးများ၏ အလှပြကစားမှုများ၊ တေးဂီတ (Unplugged) ဖျော်ဖြေရေးအစီအစဉ်များကို စီစဉ်ထားရှိပြီး အပန်းဖြေစခန်းအတွင်း လည့်လည်ကြည့်ရှုအပန်းဖြေရာတွင် ဘာဂီယာဉ်ငယ်များဖြင့်လည်း လှည့်လည်ကြည့်ရှုအပန်းဖြေနိုင်ရေး စီစဉ်ပေးထားသည်။ ထို့ပြင် လာရောက်အပန်းဖြေသူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ကြိုတင်ပြင်ဆင်စီမံထားရှိကြောင်း သိရသည်။

ယခုအခါ သီတင်းကျွတ်အခါသမယဖြစ်သည့်အားလျော်စွာ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းသို့ ပြင်ဦးလွင် ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်သော်လည်းကောင်း လာရောက်လည်ပတ် အပန်းဖြေအနားယူသူများဖြင့် စည်ကားများပြားလျက်ရှိပြီး ယနေ့ သီတင်းကျွတ်လပြည့်နေ့တွင် လူဦးရေ ၁၀၀၀၀ ကျော် လာရောက်အပန်းဖြေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

## ပုသိမ်မြို့၌ (၂၃)ကြိမ်မြောက် သံဃမဟာပဝါရဏာပြုပွဲနှင့် သိမ်ဆင်းလောင်းလှူပွဲအခမ်းအနား ကျင်းပ

**ပုသိမ် အောက်တိုဘာ ၉**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့( အဘိဓမ္မာအခါတော်နေ့)တွင် ပုသိမ်မြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဝင်းအတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၂၃)ကြိမ်မြောက် သံဃမဟာပဝါရဏာပြုပွဲနှင့် သိမ်ဆင်းလောင်းလှူပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များတက်ရောက်ခဲ့ကြသည်။

ဦးစွာ သံဃာတော်အရှင်သူမြတ်များမှ သိမ်တော်အတွင်း သံဃမဟာပဝါရဏာပြုပွဲ ဆင်ယင်ကျင်းပတော်မူကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များက လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဘုရားအမှူးပြုသော သံဃာတော် ၂၇ ပါးတို့အား သိမ်ဆင်းလောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ မဟာသံဃိကဒါန အရုဏ်ဆွမ်းဆက်ကပ်လောင်းလှူ



**နေပြည်တော် အောက်တိုဘာ ၉**

အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ အဋ္ဌာရသမ(၁၈)နှစ်မြောက် ဝါတွင်းကာလ မဟာသံဃိကဒါန အရုဏ်ဆွမ်းဆက်ကပ်လောင်းလှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး အရှေ့ဘက်မုခ်ရှိ ဝိသာခါဓမ္မာရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သံဃာတော် ၂၂၁၉ ပါးအား အရုဏ်ဆွမ်းများ ဆက်ကပ် လောင်းလှူကြသည်။

ထို့နောက် အရုဏ်ဆွမ်းဆက်ကပ်လောင်းလှူပူဇော်ပွဲ ရေစက်ချမင်္ဂလာကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပုသိမ်မြို့ မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိထံမှ အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေကျင်မြို့၌ အစဉ်အလာမပျက်ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးမျှောပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရွှေကျင် အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ အစဉ်အလာမပျက် ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို အောက်တိုဘာ ၇ ရက်မှစတင်ကာ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ မီးမျှောပွဲတော်တွင် မီးကြာခွက်မျှော ပူဇော်ခြင်းသည် အဓိကပူဇော်သောအစဉ်အလာတစ်ခုဖြစ်ပေသည်။ ယခုပွဲတော်တွင် ကလေးကစားကွင်းများ၊ ဆိုင်ခန်းများ၊ အခမဲ့ဇာတ်ပွဲ၊ အလှ ခတ် ခြင်းဝိုင်းများအပြင် လေးမြို့နယ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၊ အသက် ၂၅ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ အသက် ၁၆ နှစ်အောက် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းလုံးခတ် ပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။



ရောင်စုံမီးကြာခွက်များ မျှောခြင်းကိုသီတင်းကျွတ်လပြည့်ကျော် ၁ ရက် အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီခန့်မှ စတင်မည်ဖြစ်ပြီး ယခုနှစ်ကျင်းပသည့် မီးမျှောပူဇော်ပွဲတော်သည် (၁၇၁) နှစ်မြောက်ဖြစ်ပြီး ပွဲတော်လာပြည်သူများက အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**သဲစု(ပြန်/ဆက်)**

## တန့်ယန်းမြို့နယ်၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**တန့်ယန်း အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ်၌ ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို အောက်တိုဘာ ၉ ရက် မွန်းလွဲပိုင်းက မြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး၌ ကျင်းပလောင်းလှူကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၌ မြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော်အရှင်သူမြတ် အပါး ၂၅၀ အား နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်သူဝင်းနှင့်ဇနီး ဒေါက်တာရတနာအောင်၊ တပ်နယ်အသီးသီးမှ အရာရှိများနှင့် မိသားစုများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက စုပေါင်း၍ ဆွမ်းဆန်တော်နှင့် လှူဒါန်းဖွယ်ရာများကို လောင်းလှူခဲ့ကြကြောင်း သိရသည်။



**မင်းလွင်ဦး(တန့်ယန်း)**

# ကမ္ဘောဒီးယားနိုင်ငံ ဒေသအနှံ့အပြား၌ ရက်တရက်ရေကြီးမှုများကြောင့် လေးဦးသေဆုံး



**ဖနောင်ပင် အောက်တိုဘာ ၉**

ကမ္ဘောဒီးယားနိုင်ငံ၏ ဒေသအနှံ့အပြားတွင် ရက်တရက်ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် အနည်းဆုံး လေးဦးသေဆုံးခဲ့ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် ရက်တရက်ရေကြီးမှုကြောင့် ရေကြီးမှုဒဏ်ခံခဲ့ရသော မိသားစုဝင်များအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရမှုသည်လည်း မြင့်တက်လာနိုင်ကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က ပြည်သူအား ပြောကြားသည့် သတင်းစကားတစ်ရပ်တွင် ပြောကြားသည်။

ရေကြီးမှုကြောင့် ဆန်စပါး ဟက်တာ ၁၅၁၄၁၂ ဟက်တာနှင့် အခြားသော ကောက်ပဲသီးနှံဟက်တာ ၄၁၀၂၄ ဟက်တာ နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်သည် ဆန်စပါးနှင့် အခြားသောကောက်ပဲသီးနှံများ ပျက်စီးမှုကို အကဲဖြတ်ရေး ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ပွန်မိုနီရော့သ်က စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနအား ထပ်မံညွှန်ကြားရန်နှင့် ရေကျချိန်တွင် ပြန်လည်စိုက်ပျိုးရန်အတွက် လယ်သမားများအား ဖြန့်ဖြူးပေးနိုင်မည့် မျိုးစေ့များပြင်ဆင်ထားရေး အကြံပေးရန် ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် နှစ်စဉ် ဩဂုတ်လနှင့် အောက်တိုဘာလအကြား ပုံမှန်ရေကြီးမှုဖြစ်ပွားလေ့ရှိပြီး ပြီးခဲ့သည့်နှစ်က ရက်တရက်ရေကြီးမှုကြောင့် ၁၁ ဦးသေဆုံးခဲ့ကာ လူပေါင်း ၁၇၂၉၇ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**



# ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ချီလက်စ်မြို့၌ လူနေအိမ်တစ်လုံး ခေါင်မိုးပြိုကျ၊ ကိုးဦးသေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၉**

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ချီလက်စ်မြို့ Gilgit-Baltistan ဒေသတွင် လူနေအိမ်တစ်လုံး၏ အိမ်ခေါင်မိုးပြိုကျမှုကြောင့် ကိုးဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

အဆိုပါဖြစ်စဉ်သည် ချီလက်စ်မြို့ရှိ Bonardas ဒေသတွင် ယနေ့နံနက်အစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိသားစုတစ်စုတည်းမှ လူကိုးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယင်းနေအိမ်၏ အိမ်ခေါင်မိုးပြိုကျပြီးနောက် ဒေသခံပြည်သူများ ချက်ချင်းရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ အပျက်အစီးများအောက်တွင် သေဆုံးသူ အလောင်းများကို ပြန်လည်ဆယ်ယူနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ကယ်ဆယ်ရေးလုပ်သားများနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများက အလောင်းများကို ဒေသဆိုင်ရာ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။ သေဆုံးသူများတွင် မိခင်၊ သားလေးဦးနှင့်သမီးလေးဦးတို့ ပါဝင်ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၄ ဦး ထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၉**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၄ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၂၆၄ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၀၉၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၆၇၈၆၁ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၆၃၅၇ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၇၉၀ သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၇၇၈၅၃ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၂ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၅၆ ဦးထပ်မံတွေ့ရှိ

**နယူးဒေလီ အောက်တိုဘာ ၉**

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၅၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၄၆၁၂၀၁၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၂၈၅၉၃ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၇၉၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၃၉၃ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၄၀၅၄၆၂၁ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၈၉၇၈၈၀၁၄ လုံးအသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၉၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသန်းကျော်ရှိလာ

**ကွာလာလမ်ပူ အောက်တိုဘာ ၉**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၂၇ ဦးထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါ ကူးစက်ခံရသူပေါင်း ၄၈၅၃၅၂ ဦး ရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် သုံးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီးကျန် ၁၆၂၄ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ငါးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၃၉၈ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၃၇၉ ဦး ကျန်းမာရေးပြန်လည် ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၇၉၄၀၀၄ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၃၁၂၁ ဦးရှိပြီး ယင်းတို့အနက် ၄၃ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၂၇ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်းသိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၇ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၆ ရာခိုင်နှုန်းသည် ဒုတိယအကြိမ်ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## မိုးညှင်းမြို့နယ်ရှိ ရွှေမဥ္ဇူ (အင်းတော်ကြီး) ရေလယ်ဘုရား၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**မိုးညှင်း အောက်တိုဘာ ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး ဒေသရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားဖြစ်သည့် ရွှေမဥ္ဇူ (အင်းတော်ကြီး) ရေလယ်ဘုရား၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် အနယ်နယ် အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာသက္ကရာဇ် ၁၃၈၄ ခု သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ အင်းတော်ကြီး ဒေသရှိ ကျောင်းတိုက်များတွင် သီတင်းသုံးနေထိုင်ကြသော ဆရာတော်ကြီးများ အပါအဝင် သံဃာတော်များ၊ သီလရှင်များ၊ အင်းပတ်လည်တွင်ရှိသော ကျေးရွာများမှ ရွာသူ ရွာသားများနှင့် အနယ်နယ် အရပ်အရပ်မှ ဘုရားဖူးပြည်သူများက ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အမွှေးနံ့သာများ ထွန်းညှိကပ်လှူပူဇော်ခြင်း ဘုရားရေသပ္ပာယ်ခြင်း၊ ငါးအစာကျွေးခြင်း၊ ဘုရားဝတ်ရွတ်အသင်းမှ ဝတ်ရွတ်ပူဇော်ခြင်းနှင့် ဥပုသ်သီလ ဆောက်တည်ခြင်းတို့ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ရွှေမိုးညှင်း**





## သီတင်းကျွတ်လပြည့်နေ့တွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဘုရားဖူးပြည်သူ ၁၀၀၀၀ ကျော် လာရောက်ဖူးမြော်

**ကျိုက်ထို အောက်တိုဘာ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူ ၁၀၀၀၀ ကျော် အေးချမ်းပျော်ရွှင်စွာဖြင့် ဘုရားလာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

ဘုရားဖူးများလာရောက်ရာတွင် ကင်မွန်းစခန်း တောင်ခြေမှ ရင်ပြင်တော်ပေါ်သို့ တောင်တက်ကား၊ ကေဘယ်လ်ကားများဖြင့် အေးချမ်းစွာလာရောက်ကြပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်ကန်တော့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘုရားလာရောက်ဖူးမြော်ကြသော ပြည်သူများအား ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရန်နှင့် တည်းခိုနေထိုင်နိုင်ရေးတို့အတွက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ထားဝယ်ခရိုင်အတွင်းရှိ ရှင်ကိုးရှင် ဘုရားများနှင့် အထင်ကရ ဘုရားများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ထားဝယ် အောက်တိုဘာ ၉**

သီတင်းကျွတ်လပြည့်နေ့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ကြီးဖြစ်သည့်အားလျော်စွာ ထားဝယ်ခရိုင်အတွင်းရှိ ရှင်ကိုးရှင်ဘုရားများ၊ ဘုရားပုထိုးစေတီတော်များ၊ ထားဝယ်မြို့ကျက်သရေဆောင် ရွှေတောင်စားစေတီတော်မြတ်ကြီးတို့တွင် ယနေ့နံနက်ပိုင်းက ထားဝယ်ဒေသရှိ ဒေသခံပြည်သူများအပါအဝင် ဘုရားဖူးလာများက ဗုဒ္ဓဘာသာဝင်သူများပီပီ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ စိတ်ဝင်စားဖွယ်သမိုင်းကြောင်းများ၊ သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ၊ ဘုရားပုထိုးစေတီများသည် ဘုရားဖူးလာ ပရိသတ်များဖြင့် ထင်ရှားကျော်ကြားလျက်ရှိပြီး အပန်းဖြေနားနေစရာအဖြစ် မောင်းမကန်ကမ်းခြေအပါအဝင် ကမ်းခြေများစွာလည်း ရှိသည်။

ထားဝယ်ခရိုင်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက မိသားစုအလိုက် ဘုရားစေတီပုထိုးများ၊ အပန်းဖြေနေရာများကိုသွားရောက်လည်ပတ်လျက်ရှိကြသည်။

**ငွေဇင်ယော်**
**(ထားဝယ်)**

## ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေ၌ သီတင်းကျွတ်ရုံးပိတ်ရက်တွင် အပန်းဖြေသူများဖြင့် စည်ကား

**ငွေဆောင် အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေတွင် သီတင်းကျွတ်ရုံးပိတ်ရက် အပန်းဖြေလာရောက်သူများဖြင့် ယနေ့နံနက်ပိုင်းမှစ၍ စည်ကားလျက်ရှိသည်။

**စိတ်အေးချမ်းပျော်ရွှင်**

ငွေဆောင်မြို့သို့ သီတင်းကျွတ်ကာလအပန်းဖြေရန် ခရီးသွားဝင်ရောက်မှု ယခင်နေ့များထက် ပိုမိုများပြားလာပြီး ကမ်းခြေတွင် ဧည့်သည့်များ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရေး၊ လုံခြုံမှုရှိစေရေး၊ ကမ်းခြေသန့်ရှင်းသာယာလှပရေး၊ ဈေးရောင်းချသည့်ဈေးသည်များ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးတို့အတွက် ငွေဆောင်မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ငွေဆောင်နယ်မြေရဲတပ်ဖွဲ့စခန်း၊ မြို့အဆင့် ဌာနဆိုင်ရာများနှင့် ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်း၍ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျော်လင်းဦး (ပြန်/ဆက်)**





## သီတင်းကျွတ်လပြည့်နေ့တွင် ချောင်းသာကမ်းခြေ၌ အပန်းဖြေလာရောက်ကြသည့် ခရီးသွားဧည့်သည်များ ယမန်နှစ်ကထက် ပိုမိုများပြား

**ချောင်းသာ အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့သို့ သီတင်းကျွတ်ကာလတွင် ခရီးသွားဧည့်သည် ဝင်ရောက်မှု များပြားလျက်ရှိရာ သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့် ယနေ့တွင် ချောင်းသာကမ်းခြေတစ်လျှောက်တွင် အပန်းဖြေသူ၊ ရေကစားသူများဖြင့် ပိုမိုစည်ကားလျက်ရှိသည်။

ကမ်းခြေသို့လာရောက်သူများ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေရန်နှင့် ကမ်းခြေသာယာလှပစေရန်အတွက် ကမ်းခြေစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သီတင်းကျွတ်ကာလ အပန်းဖြေလာရောက်ကြသည့် ခရီးသွားဧည့်သည်များသည် ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေအပြင် ဖိုးကလားကျွန်း၊ သဲဖြူကျွန်းသို့ စက်လှေ၊ မော်တော်ဘုတ်များဖြင့်လည်းကောင်း၊ ကျောက်မောင်နှမသို့ ကား၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များဖြင့်လည်းကောင်း သွားရောက်အပန်းဖြေ လည်ပတ်မှုများလည်းရှိပြီး ယမန်နှစ်ကထက် ပိုမိုစည်ကားများပြားကြောင်း သိရသည်။

**ကျော်ကျော်**
**(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၂၇၃၅ |
| 95 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၂၀ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၇၅ | ၂၈၂၀ |
| HSD (500 ppm) | ၂၈၀၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၀ | ၂၈၅၅ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၅ | ၂၉၅၅ | ၂၉၅၀ | ၂၈၅၀ | ၂၈၆၀ | ၂၈၉၅ | ၂၈၉၅ | ၂၈၉၅ | ၃၁၁၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၉၅ | ၂၉၃၀ | ၂၉၅၅ | ၂၉၅၀ | ၂၉၂၀ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၅ | ၂၉၃၅ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၉၅ | ၂၉၃၀ | ၂၉၅၅ | ၂၉၅၀ | ၂၉၂၀ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၅ | ၂၉၃၅ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၆ | ၁၉၉၈ |
| 95 Ron | ၁၉၇၃ | ၂၀၄၆ |
| HSD (500 ppm) | ၂၆၉၁ | ၂၇၇၄ |
| HSD (50 ppm) | ၂၇၆၂ | ၂၈၄၇ |
| HSD (10 ppm) | ၂၇၆၂ | ၂၈၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက် ရှိရာ ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၆၅၇ ဦး နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၂၁၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန် များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး သည်။



ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန် အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေ လှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အတွက်အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံ ပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းတပ်မြို့၌ ဒုတိယအကြိမ် အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**မင်းတပ် အောက်တိုဘာ ၉**

ချင်းပြည်နယ် မင်းတပ်မြို့၌ ဒေသခံပြည်သူများ နေ့စဉ်လူမှုဘဝ စားသောက်ရေးတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စစ်နယ်မြေမှူး ဗိုလ်မှူးကြီး အောင်မြတ်ထွန်းနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှု ဖြင့် အခြေခံစားသောက်ကုန်များကို လက်ရှိပေါက်ဈေးထက်လျှော့၍ ဈေးနှုန်းချိုသာစွာဝယ်ယူနိုင်ရန် ယမန်နေ့နံနက် ၈ နာရီခွဲက စံပြရပ်ကွက် ရှိ မြို့မဈေးရှေ့တွင် ရောင်းချပေးခဲ့သည်။

ဒေသနေပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံ စားသောက်ကုန် ရောင်းချပေးရာတွင် အခြေခံစားသောက်ကုန်များ ဖြစ်သော ပစ္စည်း ၁၃ မျိုးနှင့် ဟင်းသီးဟင်းရွက်များကို စီစဉ်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခြေခံစားသောက်ကုန်များရောင်းချရာတွင် ဆန် တစ်ပြည် ငွေကျပ် ၁၈၀၀၊ ပဲဆီတစ်ဘူး ငွေကျပ် ၅၀၀၀၊ ဆားတစ်ထုပ် ငွေကျပ် ၄၀၀၊ ငါးပိတစ်ထုပ် ငွေကျပ် ၈၀၀၊ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၆၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၄၀၀၀၊ ကုလားပဲ တစ်ပိဿာ ငွေကျပ် ၅၂၀၀၊ ယမ်းယမ်း တစ်ပါကင် ငွေကျပ် ၄၀၀၀၊ အာလူး တစ်ပိဿာ ငွေကျပ် ၂၄၀၀၊ ကြက်ဥ တစ်လုံး ငွေကျပ် ၂၀၀၊ နွားနောက်သား တစ်ပိဿာ ငွေကျပ် ၁၂၀၀၀၊ ဝက်သား တစ်ပိဿာ ငွေကျပ် ၈၀၀၀၊ မိသားစုငါးခြောက် တစ်ပိဿာ ငွေကျပ် ၁၄၄၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **ဝေဖြိုး(ဇလပ်မြေ)**




## သာပေါင်းမြို့နယ်၌ သန့်ရှင်းလတ်ဆတ်သော ရေချိုငါးများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**သာပေါင်း အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏စီစဉ်မှုဖြင့် ပြည်သူများ အား သန့်ရှင်းလတ်ဆတ်သော ရေချိုငါးများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး အတွက် မြို့နယ်အတွင်းရှိ အင်းဂရန်ကိုင်များက ရောင်းချပေးခြင်းကို စက်တင်ဘာ ၃၀ ရက်က (သီရိရွှေသာဈေး)မြို့မဈေးရှေ့၌ ဆောင်ရွက်ခဲ့ ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် တာဝန်ရှိသူများက ငါးစားသုံးရခြင်း အကျိုး ကျေးဇူး လက်ကမ်းစာစောင်များဖြန့်ဝေ၍ ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ နှုန်း၊ ငါးခေါင်းပွ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ပိဿာချိန် ၇၀ ကို ဖြန့်ဖြူး ရောင်းချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ဘားအံမြို့ရှိ ကျောင်း၊ ကန်၊ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကား



ဘားအံ အောက်တိုဘာ ၉

ကရင်ပြည်နယ် ဘားအံမြို့သည် တည်ငြိမ်အေးချမ်းလျက်ရှိပြီး သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဘားအံမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများ၊ သာသနိကအဆောက်အအုံများတွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကြသူများ၊ ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**စည်ကားလျက်ရှိ**

သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းမှစတင်၍ ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၀ ကျော်တို့တွင် သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်၊ သံဃာတော်၊ သာမဏေ၊ သီလရှင်တို့အား ဆွမ်း၊ ခဲဖွယ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းကြသူများ၊ ဥပုသ်သီလခံယူဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိပြီး မြို့ပေါ်လမ်းတစ်လျှောက်တွင်လည်း ကျောင်း၊ ကန်၊ ဘုရားသွားသူများ၊ လိုက်ပါပို့ဆောင်သူများ၊ မြို့နှင့်ပတ်ဝန်းကျင်ရှိအထင်ကရနေရာများသို့ တစ်ရက်တာအပန်းဖြေဘုရားဖူးထွက်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ သမိုင်းတန်ဖိုးကြီးမားသော ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီး၏ အတွင်းပိုင်းနှင့် အပြင်ပိုင်းရှိ အုတ်ကျောက်၊ အင်္ဂတေ၊ သစ်သားတို့ဖြင့် ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ အနေအထား အမျိုးမျိုးတို့ဖြင့် ထုလုပ်စီမံထားသော ဆင်းတုတော်များ၊ ရုပ်လုံးရုပ်ကြွများ၊ ကျောက်ကပ်အုတ်ခွက်ဘုရားများ၊ မင်စာဟုထင်ရသည့် ရှေးဟောင်းစာများ၊ ရုပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူရုပ်ပွားတော်များကို လာရောက်ဖူးမြော်သူများကိုလည်း မြင်တွေ့ရသည်။

လိုဏ်ဂူအတွင်း ကျောက်အမိုးပေါက်တစ်ခုရှိပြီး ရသေ့တစ်ပါးတောင်ကိုဖောက်၍ကောင်းကင်သို့ ဈာန်ဖြင့် ပျံတက်သွားသောကြောင့် ရသေ့ပျံတောင်ဟုခေါ်တွင်သည့် ရသေ့ပျံဂူတွင် ဗုဒ္ဓဉာဏရသေ့မြတ် သီတင်းသုံးနေထိုင်ခဲ့သည်ဟု အဆိုရှိပြီး ဂူအတွင်း ရသေ့တရားအားထုတ်ခဲ့သောကျောက်ဖျာ၊ တောင်ကို ထွင်းဖောက်သွားသော ကျောက်အမိုးပေါက်၊ ရသေ့ဆေးထောင်းခဲ့သော ကျောက်ဆုံ၊ ရသေ့မှောက်သွားသော ဆေးသွေးကျောက်ပြင်ကြီးတို့ကို လာရောက်ကြည့်ရှုလေ့လာကြသည့် ဘုရားဖူးခရီးသွားဧည့်သည်များကိုလည်း မြင်တွေ့ခဲ့ရပြီး လုမ္ဗနီဥယျာဉ်မှ ဗုဒ္ဓရုပ်ပွားတော်များအား လာရောက်ဖူးမြော်သူများ၊ အမြင့်ပေ ၂၃၇၂ ပေရှိ ဇွဲကပင်ဆံတော်ရှင်စေတီသို့ ရှမ်းခြင်းကြည့် တက်ရောက်ဘုရားဖူးသူများလည်း ရှိပေသည်။

ဘားအံမြို့နှင့် ပတ်ဝန်းကျင်ဒေသရှိ ကြောင့်ကမ်းလဘ်စေတီတော်၊ ထွန့်ပတိုင်၊ ကော့ဂွန်းဂူ၊ ဆဒ္ဒန်ဂူ၊ ရသေ့ပျံဂူ၊ ဘုရင့်ညီနောင်ရတနာလိုဏ်ဂူ၊ ကော့ကသောင်ဂူ၊ ဒုံရင်းရေတံခွန်ရေလျောင်တမံနှင့် အနားယူအပန်းဖြေရာနေရာများတွင် လည်ပတ်သူများဖြင့် ယခင်ကထက် ပိုမိုစည်ကားလျက်ရှိသည်။

တစ်ရက်တာ လည်ပတ်အပန်းဖြေအပြီးတွင် ဘားအံမြို့ ကမ်းနားလမ်းရှိညနေခင်းမုန့်ဈေးတန်းနှင့် ကန်သာယာမုန့်ဈေးတန်းတို့တွင် မုန့်ပဲသရေစာမျိုးစုံ၊ တောထမင်း၊ တောဟင်းနှင့် ယိုးဒယားအစားအစာများကို ဝယ်ယူစားသုံးကြသူများဖြင့်လည်း စည်ကားလှပေသည်။

ထို့အတူ သေဋ္ဌမာန်အောင်ဘုရားကြီး ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သံဃာတော်များက (၃၂) ကြိမ်မြောက် အသံမစဲအဘိဓမ္မာ ခုနစ်ကျမ်းကို စတင်ရွတ်ဖတ်ပူဇော်ကြပြီး ဗုဒ္ဓဘာသာနွယ်ဝင်များက လာရောက်ဖူးမြော်ကြည်ညိုကြကာ ဘုရားဖူးလာရောက်သူများနှင့်အတူ စည်ကားလျက်ရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မအူပင်မြို့ရှိ ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ပြုသူ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား



မအူပင် အောက်တိုဘာ ၉

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့ရှိ မြို့၏ကျက်သရေဆောင် ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၊ မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီး၊ စိမ်းမြကန်သာစေတီတော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများတွင် ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သူ၊ ကျွေးမွေးလှူဒါန်းသူ၊ ဥပုသ်သီလ ဆောက်တည်ကုသိုလ်ပြုသူနှင့် ဘုရားဖူးလာပြည်သူများဖြင့် အေးချမ်းပျော်ရွှင်စွာ ကုသိုလ်ယူ စည်းကားလျက် ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



အောက်တိုဘာ ၉ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ရန်ကုန်မြို့နေ U CHEN SHAO DONG မိသားစုက မှော်ဘီမြို့နယ် မှော်ဘီဘိုးဘွားများစောင့်ရှောက်ရေးဂေဟာရှိ ဘိုးဘွားများအား တစ်နေ့တာအာဟာရများ ကျွေးမွေးလှူဒါန်းခြင်း၊ ဘိုးဘွားတစ်ဦးချင်းစီအား ငွေများလှူဒါန်းခြင်း၊ ဘိုးဘွားများအား ကန်တော့ခြင်းနှင့် လူငယ်မောင်မယ်များက ဘိုးဘွားများအတွက် သဒ္ဒါပေါက်လှူဒါန်းခြင်းများကို ပြုလုပ်ကြစဉ်။ ကြေးမုံ


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာ အမှတ်(၁၄၄)၊ ဖုန်းနံပါတ် ဝ၆၇-၈၁၀၃၃၄၇၊
ဝ၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# သစ်မှထွက်သည့် ဘေးထွက်ပစ္စည်းများ ထိရောက်စွာအသုံးချရေး

မြဦးမောင်

သစ်တောသယံဇာတများသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက်သာမက နိုင်ငံတစ်ဝန်း ရေမြေသဘာဝ တိုးတက်ကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးအတွက် အရေးပါသော သဘာဝအရင်း အမြစ်များဖြစ်သည်။ ပညာရှင်များ၏အဆိုအရ သစ်တောသစ်ပင်များသည် လွန်ခဲ့သော နှစ်သန်း ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော ကမ္ဘာတည်ဦး ကာလမှစ၍ သက်ရှိဇီဝရုပ်များနှင့်အတူ အပြန် အလှန်အကျိုးပြုပြီး ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ ကြောင်း တွေ့ရသည်။ ယေဘုယျအားဖြင့် သစ်ပင် များသည် လူသားအပါအဝင် သက်ရှိသတ္တဝါများ အတွက် အစာအာဟာရအခြေခံအဖြစ်လည်းကောင်း၊ ထိုသက်ရှိသတ္တဝါများ အသက်ရှင်သန်နေစဉ် စွန့်ပစ်သည့် အညစ်အကြေးများနှင့် သေဆုံး ပြီးနောက် ကျန်ရှိသည့် ဇီဝရုပ်ကြွင်းများသည် သစ်ပင် အတွက် အစာအာဟာရအဖြစ်လည်းကောင်း အပြန် အလှန် အမှီသဟဲပြုကြသည်။ သစ်ပင်များ အားလုံး နီးပါးသည် လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး လေထဲသို့ အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်သည်။ အပြန်အလှန်အားဖြင့် လူသား အပါအဝင် သက်ရှိများမှာ လေထဲမှအောက်ဆီဂျင်ကို ရယူပြီး လေထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်လွှတ်သည်။ ဤကား သစ်တောသစ်ပင်များနှင့် သက်ရှိသတ္တဝါတို့အကြား အပြန်အလှန် အကျိုးပြုမှု ကို လေ့လာတွေ့ရှိရသော အထင်ရှားဆုံးနှင့် အရေး ပါဆုံး သာဓကပင်တည်း။

### အလွန်အကျွံထုတ်ယူသုံးစွဲခဲ့ကြ

အကယ်စင်စစ် သစ်ပင်သစ်တောများက မြေကမ္ဘာနှင့် လူသားအပါအဝင် သက်ရှိသတ္တဝါများ အပေါ် အကျိုးပြုမှုကား အလွန်တရာ များပြားလှ သည်။ သို့စေကာမူ လူသားများသည်သစ်ပင်သစ်တော များ၏ ကျေးဇူးတရားကို အလေးဂရုမထားဘဲ သစ်တောသယံဇာတများကို မိမိတို့အကျိုးစီးပွား အတွက် အလွန်အကျွံထုတ်ယူသုံးစွဲခဲ့ကြသည်။ ၁၉ ရာစုနှောင်းပိုင်း ကာလခန့်မှသာ ကမ္ဘာအဝှမ်း သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများကို သတိပြုမိလာကြပြီး ယင်းသို့ ယိုယွင်းပျက်စီးမှု များသည် သစ်တောပြုန်းတီးမှုများနှင့် ဆက်စပ်နေ ကြောင်း သိရှိလာခဲ့ကြသည်။ ယင်းသို့ သိရှိလာပြီး နောက်ပိုင်းတွင် သစ်တောသယံဇာတများ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးကို အလေးထား ဆောင်ရွက်လာခဲ့ကြသည်။

သစ်တောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်ရာတွင် သစ်တောများ ပြန်လည်ပြုစုတည်ထောင်ခြင်း၊ သစ်တောသယံဇာတများအား အကန့်အသတ်ဖြင့် ထိန်းသိမ်းထုတ်ယူခြင်း၊ ယင်းသို့ထုတ်ယူရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေရေး အတွက် ကောင်းမွန်သော လုပ်ငန်းစဉ်များ ချမှတ် ကျင့်သုံးခြင်းတို့သည် အရေးပါသော ဆောင်ရွက် ချက်များဖြစ်သည်။ တစ်နည်းအားဖြင့် အဆိုပါ ဆောင်ရွက်ချက်များသည် သစ်တောသယံဇာတ များ ရေရှည်တည်တံ့စေရေးအတွက်သာမက အစဉ် သဖြင့် တိုးတက်ဖွံ့ဖြိုးများပြားလာစေပြီး အနာဂတ် မျိုးဆက်သစ်များအတွက် ပတ်ဝန်းကျင်အမွေ ကောင်းကို ဖန်တီးပေးခြင်းဖြစ်သည်။



သစ်ပါးလွှာဘေးထွက်အမှိုက်(ပထမအဆင့်ကုန်ကြမ်း)များကို ကြိတ်ခြေစက်ဖြင့် Wood Flake (ဒုတိယအဆင့်ကုန်ကြမ်း)ပြုလုပ်နေစဉ်။

### သစ်တောများ ပျက်စီးပြုန်းတီးရသောအကြောင်းရင်း

တစ်ဖက်တွင် သစ်တောသယံဇာတများ တိုးတက်ဖွံ့ဖြိုးများပြားပြီး ရေရှည်တည်တံ့စေရေး ဆောင်ရွက်သည့်နည်းတူ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲခြင်းဟူသော အခြားတစ်ဖက်တွင် လည်း သစ်တောများက ပေးစွမ်းနိုင်သည့် ပမာဏ အတွင်း ထိန်းသိမ်းထုတ်ယူခြင်း၊ အလေအလွင့် မရှိအောင် ထုတ်လုပ်သုံးစွဲခြင်းတို့ကို အလေးထား ဆောင်ရွက်ကြရန် သတိမူအပ်ပေသည်။ သစ်တော များအတွင်းမှ ထုတ်ယူသုံးစွဲသော သယံဇာတ အများ အပြားရှိသည့်အနက် လူတို့၏ နေရေးလိုအပ်ချက်ကို ဖြည့်ဆည်းမှုအခြေခံမှာ သစ်ထုတ်ယူခြင်းဖြစ်ပြီး ယင်းသည် သစ်တောများ ပျက်စီးပြုန်းတီးရသော အကြောင်းရင်းများတွင် အဓိကပါဝင်သောအချက် ဖြစ်သည်။ ယခုအခါ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ သစ်တောသယံဇာတများအား ထိရောက်စွာအသုံးချ ခြင်းတို့အတွက် ကမ္ဘာတစ်ဝန်း အထူးအလေး ထား၍ ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး နိုင်ငံအကျယ်အဝန်းနှင့် နှိုင်းယှဉ်ပါက သင့်တင့် လျောက်ပတ်သော သစ်တောသယံဇာတအရင်း အမြစ်များကို ပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ FRA 2000 အရ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ဧရိယာအနေဖြင့် နိုင်ငံအကျယ်အဝန်း၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း ဖုံးလွှမ်းလျက်ရှိပြီး ကောင်းမွန်သော ရာသီဥတုအခြေအနေကို ဖန်တီးပေးခြင်း၊ မြေနှင့် ရေသယံဇာတ အရင်းအမြစ်များအား ထိန်းသိမ်း ပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် ဂေဟစနစ် တည်ငြိမ်စေခြင်း စသည့်အကျိုးကျေးဇူး များကို အထောက်အကူပေးလျက်ရှိပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် နိုင်ငံအတွက် အရေးပါသော သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး ရည်မှန်းချက်ဖြင့် မူဝါဒများချမှတ်ပြီး ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

### ကုန်ကြမ်းပမာဏနည်းနည်းဖြင့် တန်ဖိုးပိုမိုရရှိစေမည့် သစ်အခြေခံထုတ်ကုန်များ ဦးတည်ထုတ်လုပ်

ယင်းသို့ ဆောင်ရွက်ရာတွင် သစ်တောသယံဇာတများအား တောထွက်ခွင့်ပြုပမာဏအတွင်း ထုတ်ယူသုံးစွဲခြင်း၊ သစ်ထုတ်လုပ်မှုကို နှစ်ကာလ အကန့်အသတ်ဖြင့် ရပ်နားခြင်းတို့ကို အထူးအလေး ထား ဆောင်ရွက်ခဲ့ပါသည်။ သစ်ထုတ်လုပ်မှုပမာဏ လျော့နည်းလာခြင်းဖြင့် ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပ တင်ပို့မှုများလည်း လျော့နည်းကျဆင်းလာခဲ့ပါ သည်။ သစ်ကုန်ကြမ်းရရှိနိုင်မှု လျော့နည်းလာခြင်း ကြောင့် တောတွင်းမှထုတ်လုပ်ရရှိသော သစ်ကုန် ကြမ်းများအား ထိရောက်စွာအသုံးချပြီး တန်ဖိုးမြင့် သစ်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရန် အထူး အရေးကြီးလာခဲ့ပါသည်။ တစ်နည်းအားဖြင့် ကုန်ကြမ်းပမာဏနည်းနည်းဖြင့် တန်ဖိုးပိုမိုရရှိ စေမည့် သစ်အခြေခံထုတ်ကုန်များ ဦးတည် ထုတ်လုပ်၍ သစ်တောသယံဇာတများ ထိန်းသိမ်းရာ ရောက်ပြီး သစ်အသုံးချမှုလိုအပ်ချက်ကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် ဦးတည်ဆောင်ရွက် သွားကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် သစ်တောသယံဇာတများ ပြုန်းတီးလျော့နည်းမှုကို တားဆီးကာကွယ်ရန် ရည်ရွယ်၍ သစ်ထုတ်လုပ်မှုပမာဏကို နှစ်စဉ် တောထွက်ခွင့်ပြုပမာဏအောက်သို့ လျှော့ချခြင်း၊ ၂၀၁၄ ခုနှစ်မှစ၍ သစ်အလုံးလိုက်တင်ပို့မှုကို တားမြစ်ခြင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း တစ်ပြည် လုံး သစ်ထုတ်လုပ်မှုရပ်နားခြင်း၊ ပဲခူးရိုးမအတွင်း သစ်ထုတ်လုပ်မှုကို ဆယ်နှစ် ရပ်နားခြင်း၊ သစ်တော စိုက်ခင်းများ ထိရောက်စွာထူထောင်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသားများ အထူးကုန်စည်ခွန် ကျခံစေခြင်း စသည့်အစီအမံများကို ချမှတ် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဆောင်ရွက်ချက်များ သည် သစ်တောသယံဇာတများ ထိန်းသိမ်းရေး ဦးတည်မျှော်မှန်းသကဲ့သို့ သစ်ကုန်ကြမ်းများအား ထိရောက်အကျိုးရှိစွာသုံးစွဲပြီး တန်ဖိုးတိုးမြှင့်ရရှိရေး ကိုလည်း ရည်ရွယ်ချက်ထားရှိကြောင်း တွေ့ရမည် ဖြစ်ပါသည်။

### နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်

မြန်မာ့သစ်တောများအတွင်းမှ သစ်ထုတ်လုပ် ရောင်းချမှုလုပ်ငန်းကို လွတ်လပ်ရေးမရမီ နယ်ချဲ့ အင်္ဂလိပ်လက်ထက်မှစ၍ စီးပွားဖြစ် တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီး နောက် နိုင်ငံပိုင်သစ်တောသယံဇာတ အရင်းအမြစ် များကို နိုင်ငံတော်ကသာ ထိရောက်စွာ စီမံခန့်ခွဲ လုပ်ကိုင်ရန်ရည်ရွယ်၍ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့သည် ကျွန်းသစ်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းကို လုပ်ကိုင်ပြီး ကျွန်းမှအပ အခြားသစ်မာများကို ပြည်တွင်းလုပ်ငန်း ရှင်များသို့ ထုတ်လုပ်ခွင့်ပေးခဲ့ပါသည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပုဂ္ဂလိကသစ်မာလုပ်ငန်းများမှန်သမျှကို ခွင့်မပြု တော့ဘဲ ၁၉၆၃ ခုနှစ်မှစ၍ သစ်ထုတ်လုပ်၊ သယ်ယူ၊ ရောင်းချမှုလုပ်ငန်းကို နိုင်ငံတော်ကသာ စီမံ ဆောင်ရွက်ခဲ့ပြီး အဖွဲ့အမည်ကိုလည်း သစ်လုပ်ငန်း ကော်ပိုရေးရှင်းဟု ပြောင်းလဲခေါ်ဝေါ် သတ်မှတ် ခဲ့ပါသည်။

သစ်လုပ်ငန်းကော်ပိုရေးရှင်းလက်ထက်တွင် ကျွန်း၊ သစ်မာထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ခွဲစိတ်ခြင်း၊ သစ်လုံး/သစ်ခွဲသားများအား ပြည်တွင်း ပြည်ပ ဖြန့်ဖြူးတင်ပို့ရောင်းချခြင်းတို့ကို နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါ သည်။ ယင်းကာလအတွင်း ကမ္ဘာ့ဘဏ်၊ အာရှဘဏ် စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီ ဖြင့် သစ်တော၊ သစ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ သစ်အခြေခံစက်မှုလုပ်ငန်း စီမံကိန်း များ အကောင်အထည်ဖော်ခဲ့ပြီး သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးတလည် ဆောင်ရွက် ခဲ့ပါသည်။

စာမျက်နှာ ၁၉ သို့

**“မြန်မာ့သစ်လုပ်ငန်းလက်အောက်ရှိ သစ်စက်၊ သစ်အခြေခံစက်ရုံများမှထွက်ရှိသော ဘေးထွက်ပစ္စည်းများကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ခဲ့ရာ ကနဦးအစီအစဉ်အဖြစ် သစ်ပါးလွှာ (Veneer) ထုတ်လုပ်ရာမှထွက်ရှိသော သစ်ပါးလွှာဘေးထွက်များမှ သစ်လောင်စာတောင့် (Wood Pellet) ထုတ်လုပ်ခြင်းကို စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် Wood Pellet များကို ပြည်တွင်းဈေးကွက်အတွက် ဦးတည်ထိုးဖောက်ခြင်းဖြင့် ထင်းလောင်စာသုံးစွဲမှု လျှော့ချနိုင်ခြင်း၊ ဘေးထွက်ပစ္စည်းများ အကျိုးရှိအောင် အသုံးချနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်နိုင်ခြင်း အကျိုးများရရှိနိုင်”**

❂ စာမျက်နှာ ၁၈ မှ

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်၏ စီးပွားရေးစနစ်အား ဈေးကွက်ကို အခြေခံသော စီးပွားရေးစနစ် (Market Oriented Economy) သို့ ပြောင်းလဲကျင့်သုံးခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုကို ခွင့်ပြုခဲ့ပါသည်။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော ပုဂ္ဂလိက သစ်အခြေခံစက်မှုလုပ်ငန်းများသည် သစ်ကုန်ကြမ်းများကို မြန်မာ့သစ်လုပ်ငန်းက ဝယ်ယူပြီး သစ်ခွဲသားမှစ၍ အချောထည်အဆင့်ဆင့် ခွဲစိတ်ထုတ်လုပ်ရောင်းချခြင်းကို ဆောင်ရွက်ပါသည်။ မြန်မာ့သစ်လုပ်ငန်းသည် တောတွင်းသစ်ထုတ်လုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသော တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပြီး ထုတ်လုပ်ရရှိသော သစ်ကုန်ကြမ်းများအား ပြည်တွင်းသစ်အခြေခံ စက်မှုလုပ်ငန်းများသို့ ဖြန့်ဖြူးရောင်းချခြင်း၊ နိုင်ငံတော်စီမံကိန်းများအတွက် လိုအပ်သည့် သစ်ခွဲသားများ ခွဲစိတ်ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂၂-၉-၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးတွင် အမျိုးသားစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများဖြစ်သည့် ရေကြီးရေလျှံမှု၊ မိုးခေါင်မှုဒဏ်ကို ခံစားရပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဥပမာအားဖြင့် ကြိုးဝိုင်းသစ်တောများ၊ သဘာဝသစ်တောများထိန်းသိမ်းခြင်းကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။ ထို့နောက် "ထင်းမီးသွေးကို သတ်မှတ်ထားသည့်စနစ်အတိုင်း ထုတ်ပေးရန်လိုကြောင်း၊ သစ်မှထွက်သည့် ဘေးထွက်ပစ္စည်းများ၊ သစ်စက်မှထွက်သော ဘေးထွက်ပစ္စည်းများကို အကုန်အသုံးပြုနိုင်ပါက ပိုကောင်းကြောင်း၊ ပကာသားများ၊ လွှစာများကို နည်းပညာအသုံးပြု၍ ထုတ်လုပ်နိုင်ပါက ပိုကောင်းကြောင်း၊ တရားဝင်သစ်စက်များတွင် ဘေးထွက်ပစ္စည်းများကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၊ ပြည်သူလူထုတို့က အသိစိတ်ရှိရှိ ပူးပေါင်းဆောင်ရွက်မှသာ အဆိုပါအရာများ တန်ဖိုးရှိလာလိမ့်မည်ဖြစ်ကြောင်း" လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

### အပိုတန်ဖိုးအဖြစ်ရရှိ

သစ်ကုန်ကြမ်းများကို အသုံးပြု၍ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ရာတွင် အခြေခံအကျဆုံးထုတ်ကုန်မှာ သစ်ခွဲသားဖြစ်ပါသည်။ ရှေးအခါက တောတွင်းမှ ခုတ်လှဲထုတ်လုပ်ရရှိသော သစ်လုံးကုန်ကြမ်းများအား လက်အားဖြင့် ဖြစ်စေ၊ စက်အားဖြင့်ဖြစ်စေ ခွဲစိတ်ဖြတ်တောက်ပြီး လူသားတို့၏ နေရေးလိုအပ်ချက် ဖြည့်ဆည်းရန် သစ်ခွဲသားအရွယ်အစားအမျိုးမျိုးကို ထုတ်လုပ်အသုံးပြုခဲ့ကြပါသည်။ ယင်းသို့ ခွဲစိတ်ထုတ်လုပ်ရာတွင် အသုံးပြုကုန်ကြမ်းပမာဏအပေါ်မူတည်၍ သစ်ခွဲသားပမာဏအများဆုံးရရှိအောင် ဦးတည်ဆောင်ရွက်ကြပါသည်။ အဆောက်အအုံသုံး အရွယ်အစားများကို ဦးတည်ခွဲစိတ်ထုတ်လုပ်ကြပြီး သစ်ကုန်ကြမ်း၏ ကျန်အစိတ်အပိုင်းများ (Milling Residues) ကို လောင်စာနှင့် အခြားနေရာများတွင် အသုံးပြုကြပါသည်။ သစ်ခွဲသားများ၏ တန်ဖိုးတွက်ချက်ရာတွင် အသုံးပြုကုန်ကြမ်း တန်ဖိုးအပေါ်အခြေခံ၍ ခွဲသားထွက်ရှိမှုရာခိုင်နှုန်းအရ တန်ဖိုးသင့်တွက်ချက်ခြင်း၊ ခွဲစိတ်ထုတ်လုပ်ခစရိတ် ထပ်ပေါင်းခြင်းတို့ကြောင့် သစ်ခွဲသား၏ တန်ဖိုးတွင် ကုန်ကြမ်းတန်ဖိုးအားလုံးပါဝင်ပြီးဟု ယူဆနိုင်သဖြင့် ဘေးထွက်ပစ္စည်းများ၏တန်ဖိုးမှာ အပိုတန်ဖိုး (Surplus Value) အဖြစ် ရရှိခြင်းဖြစ်ပါသည်။


လောင်စာတောင့် (Wood Pellet) ပြုလုပ်နေစဉ်။

လူ့ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သစ်အသုံးချမှုပုံစံများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ အဖိုးတန်သစ်သယံဇာတများအား အကျိုးအရှိဆုံး အသုံးချပြီး သစ်တောထိန်းသိမ်းကာကွယ်ရေး ဦးတည်လာခြင်း၊ ဘေးထွက်ပစ္စည်းများအား တန်ဖိုးမြှင့်တင်ပေးခြင်းဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှုအခွင့်အလမ်းများ ပိုမိုလာခြင်း စသည့် အကျိုးတရားများကို ဦးတည်မျှော်မှန်းဆောင်ရွက်ခဲ့ကြပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဘေးထွက်ပစ္စည်းများအား အကုန်လုံးအသုံးချနိုင်ရေးသည် သစ်တောသယံဇာတမှ တန်ဖိုးအများဆုံးရရှိရေးအတွက် မှန်ကန်ကောင်းမွန်သော ဦးတည်ချက်ဖြစ်ပါသည်။

### သစ်လောင်စာတောင့်ထုတ်လုပ်ခြင်းကို စမ်းသပ်ဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့သစ်လုပ်ငန်းလက်အောက်ရှိ သစ်စက်၊ သစ်အခြေခံစက်ရုံများမှထွက်ရှိသော ဘေးထွက်ပစ္စည်းများကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ခဲ့ရာ ကနဦးအစီအစဉ်အဖြစ် သစ်ပါးလွှာ (Veneer) ထုတ်လုပ်ရာမှ ထွက်ရှိသော သစ်ပါးလွှာ ဘေးထွက်များမှ သစ်လောင်စာတောင့် (Wood Pellet) ထုတ်လုပ်ခြင်းကို စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။

Wood Pellet ဆိုသည်မှာ သစ်သားကို အချင်း ငါး မီလီမီတာ၊ အရှည် ငါး မီလီမီတာအရွယ်ထိ သစ်သားစဖတ် (Wood Flakes) များအဖြစ် ကြိတ်ခြေထုခွဲပြီး ရေငွေ့ပါဝင်မှု ၇ ဒသမ ၈ ရာခိုင်နှုန်း အခြောက်ခံ၍ စက်ဖြင့် ဖိညှစ်ထားသော လောင်စာတောင့်ဖြစ်ပါသည်။ မည်သည့်သစ်ကုန်ကြမ်း အမျိုးအစားအရွယ်အစားကိုမဆို သုံးစွဲနိုင်ပါသည်။ သစ်ပျော့သစ်မျိုးများကို ပိုမိုနှစ်သက်ကြပြီး သစ်ပျော့သစ်မာ ရောနှော၍လည်း အသုံးပြုကြပါသည်။ Wood Pellet ထုတ်လုပ်မှု နည်းစဉ်အရ သစ်ကုန်ကြမ်းများအား သေးငယ်သော အရွယ်အစားဖြစ်အောင် ကြိတ်ခြေထုခွဲ (Defibrate) ပြုလုပ်၍ ယင်းတို့ကို ဖိအားဖြင့် ကျစ်လျစ်စေပြီး အတောင့်ဖြစ်အောင် ညှစ်ထုတ်ခြင်းဖြစ်ပါသည်။ ယင်းသို့ အပူဖြင့် ဖိညှစ်စဉ် ပြိုကွဲနေသော သစ်စ သစ်မျှင်များအတွင်းရှိ လစ်ဂနင် (Lignin) ဒြပ်ပေါင်းများအချင်းချင်း အပူကြောင့် ပေါင်းစည်းကာ သစ်စသစ်မျှင်များကို ကော်အဖြစ် တွဲစပ်ပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် Wood Pellet ထုတ်လုပ်မှုတွင် ကော်သုံးစွဲရန် မလိုအပ်ပါ။


ကုန်ချောလောင်စာတောင့် (Wood Pellet)

Wood Pellet သည် သာမန်ထင်းတုံး (Wood Logs) နှင့် သစ်အတိုအစ (Wood Chip) တို့ထက် အပူစွမ်းရည် (Thermal Efficiency) ပိုမိုကောင်းမွန်ပြီး အသုံးပြုရာတွင် ပိုမိုလွယ်ကူ အဆင်ပြေကြောင်း လေ့လာတွေ့ရှိရပါသည်။ ဈေးကွက်အနေဖြင့် စက်မှုလုပ်ငန်းများသာမက အိမ်ထောင်စုသုံး (Household Use) အတွက်ပါ ဝယ်လိုအားရှိပါသည်။ Wood Pellet ကို အသင့်သုံးနိုင်အောင် ရည်ရွယ်၍ (Freestanding stoves, Fireplace inserts, Furnace with pellet fuel burner) များကို ဈေးကွက်အတွင်း တွင်ကျယ်စွာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသဖြင့် သုံးစွဲမှု ပိုမိုမြင့်မားပြီး ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအား တိုးတက်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

### Wood Pellet နှင့် ကျောက်မီးသွေးရောပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်

ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် Wood Pellet သုံးစွဲမှု ပမာဏမြင့်မားလျက်ရှိကြောင်း၊ နယ်သာလန်ကဲ့သို့ ဥရောပနိုင်ငံများတွင် Wood Pellet နှင့် ကျောက်မီးသွေးရောပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် သုံးစွဲကြောင်း သိရှိရပါသည်။ လက်ရှိအခြေအနေအရ ဆွီဒင်နိုင်ငံသည် နှစ်စဉ်အလေးချိန် မက်ထရစ်တန် တစ်သန်းနီးပါးဖြင့် ကမ္ဘာပေါ်တွင် ထုတ်လုပ်မှုအများဆုံးဖြစ်ပါသည်။ ယင်းအပြင် ပြည်ပမှ တန်ချိန် နှစ်သိန်းနီးပါး တင်သွင်းကြောင်း ပြည်ပသို့လည်း တန် ၆၀၀၀၀ ခန့် တင်ပို့ကြောင်း လေ့လာတွေ့ရှိရပါသည်။

Wood Pellet သည် အခြားလောင်စာများထက် လောင်ကျွမ်းမှု ပိုမိုအားကောင်းခြင်း၊ GHG ထွက်ရှိမှု နည်းပါးခြင်း၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဘေးထွက်ပစ္စည်းများ ထိရောက်စွာအသုံးပြုပြီး တန်ဖိုးမြှင့်တင်နိုင်ခြင်းတို့ကြောင့် အကျိုးကျေးဇူးများသဖြင့် နိုင်ငံတကာမှ စိတ်ဝင်စားလျက်ရှိရာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ထုတ်လုပ်သူများကို အားပေးမြှင့်တင်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် Wood Pellet များကို ပြည်တွင်းဈေးကွက်အတွက် ဦးတည်ထိုးဖောက်ခြင်းဖြင့် ထင်းလောင်စာသုံးစွဲမှု လျှော့ချနိုင်ခြင်း၊ ဘေးထွက်ပစ္စည်းများ အကျိုးရှိအောင် အသုံးချနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်နိုင်ခြင်း အကျိုးများရရှိနိုင်ပါသည်။ ထို့အပြင် လက်ရှိစိုက်ပျိုးထားသော ထင်း၊ သစ်မာစိုက်ခင်းများမှ ထွက်ရှိလာမည့် စိုက်ခင်းအဆင့်မြင့်ခုတ်လှဲရရှိသော ပင်သေပင်ကျပ်များ အသုံးပြုနိုင်မည့် အလားအလာကောင်းတစ်ခုလည်း ဖြစ်ပါသည်။

အထက်ပါ လေ့လာတွေ့ရှိချက်များကို အခြေခံ၍ မြန်မာ့သစ်လုပ်ငန်းပိုင် သစ်မာသစ်ပါးလွှာစက်ရုံများမှ ထွက်ရှိသော သစ်ပါးလွှာဘေးထွက်အမိုက်များမှ Wood Pellet စမ်းသပ်ထုတ်လုပ်ခြင်းကို ၂၀၂၂ ခုနှစ် ဧပြီလမှစတင်ဆောင်ရွက်ခဲ့ပါသည်။ လောင်စာတောင့် (Wood Pellet) စမ်းသပ်ထုတ်လုပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတရာ သစ်အခြေခံစက်မှုလုပ်ငန်းနယ်မြေရှိ မြန်မာ့သစ်လုပ်ငန်းပိုင် သစ်ပါးလွှာစက်ရုံနှစ်ရုံအား အခြေပြု၍ ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါသစ်ပါးလွှာစက်ရုံများမှ ထွက်ရှိသော သစ်ပါးလွှာ အမိုက်များမှာ ယခင်က လုပ်ငန်းသုံးအဖြစ် ဘွိုင်လာမီးထိုးရန် အသုံးပြုပြီး ပိုလျှံသော အမိုက်များကို စွန့်ပစ်ခဲ့ရပါသည်။ ယခုအခါ နေ့စဉ်သစ်ပါးလွှာအမိုက် နှစ်တန်အသုံးပြုပြီး လောင်စာတောင့် (Wood Pellet) မက်ထရစ်တန် ၁ ဒသမ ၅ တန် ထုတ်လုပ်လျက်ရှိပါသည်။ ထုတ်လုပ်ရရှိသော လောင်စာတောင့် နမူနာကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနလက်အောက်ရှိ အမျိုးသားဓာတ်ခွဲခန်းသို့ ပေးပို့စမ်းသပ်ခဲ့ရာ Moisture 6.99 ရာခိုင်နှုန်း၊ Ash 0.61 ရာခိုင်နှုန်း၊ Volatile Matter 77.04 ရာခိုင်နှုန်းနှင့် Fixed Carbon 15.36 ရာခိုင်နှုန်းပါဝင်ကြောင်းနှင့် Calorific Value မှာ 13476.63 Btu/lb ရှိကြောင်း တွေ့ရှိရပါသည်။

အထက်ပါရလဒ်များအရ လောင်ကျွမ်းမှုကောင်းမွန်ခြင်း၊ အပူစွမ်းအင်ရရှိမှု မြင့်မားခြင်းတို့ကြောင့် တိရစ္ဆာန်အစားအစာစက်ရုံ၊ အထည်ချုပ်စက်ရုံနှင့် စက္ကူစက်ရုံ စသည့်အပူစွမ်းအင်သုံးစွဲသည့် စက်မှုလုပ်ငန်းရှင်များ နှစ်ခြိုက်မှုရှိပြီး ရေရှည်အလားအလာကောင်းသည့် ထုတ်ကုန်တစ်ခုအဖြစ် ဈေးကွက် တွင်ကျယ်လာမည်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လောင်စာတောင့် ထုတ်လုပ်သည့် စက်နှင့် စက်ကိရိယာများ တိုးချဲ့တပ်ဆင်ပြီး ထုတ်လုပ်မှုတိုးမြှင့်သွားရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

### အလေအလွင့်မှ အကျိုးရှိသော ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်

သစ်တောသယံဇာတများသည် အသစ်ပြန်လည်ဖန်တီးနိုင်သော အရင်းအမြစ်များ (Renewable Resources) ဖြစ်သော်လည်း သဘာဝက ပေးစွမ်းနိုင်သောပမာဏထက် ကျော်လွန်ပြီး အလွန်အကျွံ ထုတ်ယူသုံးစွဲမည်ဆိုပါက ထာဝစဉ်ရေရှည်တည်တံ့နိုင်မည်မဟုတ်ပါ။ သို့ဖြစ်ရာ သစ်တောများက ပေးစွမ်းနိုင်သည့် ပမာဏအတွင်း စနစ်တကျ ထိန်းသိမ်းထုတ်ယူသုံးစွဲရန် အရေးကြီးသကဲ့သို့ ထုတ်ယူရရှိသော အရင်းအမြစ်များကို ထိရောက်စွာ သုံးစွဲရန်လည်း လွန်စွာအရေးကြီးပါသည်။ ယင်းသို့သုံးစွဲရာတွင် အလေအလွင့်ထွက်ရှိမှု နည်းပါးအောင် ကြိုးပမ်းဆောင်ရွက်ရုံသာမက မဖြစ်မနေထွက်ရှိလာသော အလေအလွင့်မှ အကျိုးရှိသော ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေးကိုလည်း စွမ်းဆောင်ကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ သစ်ပါးလွှာစက်ရုံများမှ ထွက်ရှိလာသော ဘေးထွက်သစ်ပါးလွှာအမိုက်များမှ လောင်စာတောင့် (Wood Pellet) ထုတ်လုပ်ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်မှထွက်သည့် ဘေးထွက်ပစ္စည်းများကို အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်မှန်းဆောင်ရွက်သည့် ကနဦးခြေလှမ်းတစ်ရပ်ဖြစ်ပြီး ရေရှည်တွင် သစ်စက်၊ သစ်အခြေခံစက်ရုံများသာမက သစ်တောစိုက်ခင်း ဘေးထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကိုပါ အသုံးပြုသွားနိုင်မည့်အလားအလာ ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ပုံပြင်

# ဖိနပ်ချုပ်သမား လင်မယား

မင်းယုဝေ

တစ်ရံရောအခါ ဖိနပ်ချုပ်သမားတစ်ယောက်ရှိ၏။ သူသည် အလွန်ရိုးသား၍ အလုပ်ကိုကြိုးစားလုပ်ကိုင်သူဖြစ်၏။ သို့သော် သူ့ခမျာ ဝင်ငွေနည်းလှသဖြင့် လွန်စွာဆင်းရဲကျပ်တည်း၏။ ထို့ကြောင့်ရှိသမျှပစ္စည်းများကို ရောင်းချစားသောက်လေရာ နောက်ဆုံး၌ ဖိနပ်တစ်ရန်သာ ချုပ်လုပ်နိုင်သော သားရေတစ်ချပ်မှလွဲ၍ ဘာမျှမကျန်တော့ပေ။

ထိုနေ့ညတွင် သူသည် မနက်ဖြန်နံနက်စောစောထ၍ ဖိနပ်ချုပ်ရန်ကျန်ရှိသော သားရေချပ်ကို အသင့်ဖြတ်တောက်ထား၏။ သူသည် ဆင်းရဲသော်လည်း စိတ်ညစ်ခြင်းမရှိ။ အပူအပင်ကင်းမဲ့စွာဖြင့် အိပ်ရာသို့ဝင်ရာ ခဏအတွင်း အိပ်ပျော်သွားလေသည်။

နံနက်မိုးသောက်သော် သူသည် အိပ်ရာမှထ၍ အလုပ်ခွင်သို့ ဝင်လေသည်။ ဖိနပ်ချုပ်ခုံအနီးသို့ရောက်သည်နှင့်တစ်ပြိုင်နက် သူသည် လွန်စွာအံ့အားသင့်သွား၏။ သူဖြတ်တောက်ထားခဲ့သော သားရေဖြင့် ဖိနပ်တစ်ရန် အသင့်ချုပ်ထားသည်ကို ထူးဆန်းစွာတွေ့ရလေသည်။ သူသည် အကြောင်းရင်းကို တွေးမရအောင်ဖြစ်နေ၏။ ဖိနပ်ကိုသေချာစွာ ကိုင်တွယ်ကြည့်ရှုသောအခါ၌လည်း ပထမတန်းကျွမ်းကျင်သောဖိနပ်ချုပ်ဆရာ၏ လက်ရာအတိုင်းပင် ချုပ်လုပ်ထားသည်ကို တွေ့ရသည်။ စူးရာ၊ အပ်ရာတို့မှာ အမှားအယွင်းမရှိ၊ ပိပိရိရိနှင့် အလွန်သေသပ်ကောင်းမွန်လှသည်။

ထိုနေ့မှာပင် ဖိနပ်ဝယ်သူတစ်ဦး ရောက်လာ၏။ သူသည် ဖိနပ်ကို လွန်စွာသဘောကျသဖြင့် ဈေးပိုပေးကာ ဝယ်သွားသည်။ ဖိနပ်ချုပ်သမားအဖို့ ဖိနပ်နှစ်ရန်စာအတွက် သားရေဝယ်နိုင်သွားလေပြီ။ ထို့ကြောင့် ညနေဘက်တွင် သူသည် ဖိနပ်နှစ်ရန်စာအတွက် သားရေနှစ်ချပ်ဝယ်ပြီးလျှင် နောက်တစ်နေ့စောစောထ၍ချုပ်လုပ်နိုင်ရန် ဖြတ်တောက်ထားလေ၏။

နံနက်လင်း၍ အလုပ်ဝင်သောအခါ အသင့်ချုပ်ပြီး ဖိနပ်နှစ်ရန်ကို သူသည် ထူးဆန်းစွာတွေ့ရပြန်သည်။ ထိုနေ့အဖို့လည်း ဝယ်သူနှစ်ဦးရောက်လာကာ ဖိနပ်တို့ကို အဖိုးကြီးပေး၍ ဝယ်သွားကြလေသည်။ ဖိနပ်ချုပ်သမားလည်း ဖိနပ်လေးရန်စာအတွက် သားရေများဝယ်၏။ ထို့နောက် ရှေးနည်းအတိုင်းပင် ညဘက်၌ သားရေတို့ကို ဖြတ်တောက်ထားကာ အိပ်ရာသို့ဝင်လေ၏။

နံနက်လင်းသောအခါ အသင့်ချုပ်ပြီး ဖိနပ်လေးရန်ကို တွေ့နေရပြန်၏။ မကြာမီဖိနပ်ဝယ်သူများ ရောက်ရှိလာကာ ဖိနပ်အားလုံးကို ဝယ်ယူသွားပြန်၏။ ဖိနပ်ချုပ်သမားလည်း သားရေတို့ကို ယမန်နေ့ကထက် နှစ်ဆတိုး၍ ဝယ်ပြန်၏။ နံနက်တွင် အသင့်ချုပ်ပြီး ဖိနပ်များကိုလည်း နှစ်ဆတိုး၍ တွေ့ရပြန်၏။ သို့ဖြင့် သူသည် တစ်နေ့ထက်တစ်နေ့ ငွေကြေးများပို၍ရလာလေသည်။

တစ်ညတွင် ဖိနပ်ချုပ်သမားသည် မီးလင်းဖိုအနီး၌ ထိုင်နေရာမှ ဇနီးဖြစ်သူအား "ရှင်မ၊ ဒီနေ့အဖို့ အိပ်စက်ခြင်းမပြုဘဲ ငါတို့စောင့်ကြည့်နေမည်ဟု ကြံထားသည်။ သို့မှသာ ဖိနပ်တို့ကို မည်သူလာ၍ချုပ်ပေးသည်ကို သိနိုင်မည်" ဟု ပြောဆိုလေသည်။ ဇနီးကလည်း ထိုအကြံကို သဘောတူလေသည်။

သို့ဖြင့်သူတို့သည် မီးများငြိမ်းကာ အခန်းထောင့်ရှိ ကန့်လန့်ကာနောက်ကွယ်၌ ပုန်းအောင်း၍ စောင့်နေကြ၏။ သန်းခေါင်အချိန်သို့ရောက်သော်ကိုယ်၌ အဝတ်အစားမရှိသော နတ်သူငယ်ကလေးနှစ်ဦး ဝင်ရောက်လာသည်ကို ထူးဆန်းစွာတွေ့ရသည်။ သူတို့သည် ဖိနပ်ချုပ်သမား၏နေရာတွင် ထိုင်ကာ ဖြတ်တောက်ပြီးသော သားရေများကို ကောက်ယူပြီးလျှင် ဖိနပ်များချုပ်ကြသည်။ သူတို့သည် သေးငယ်သောလက်လေးများဖြင့် ကျွမ်းကျင်လိမ္မာ၍ လျင်မြန်စွာချုပ်လုပ်ကြသည်။ ဖိနပ်ချုပ်သမားဇနီးမောင်နှံလည်း အံ့သြစွာဖြင့် ငေးစိုက်ကြည့်နေမိကြသည်။ ဖိနပ်အားလုံး ချုပ်ပြီးသောအခါ သူတို့သည် ယင်းတို့ကို ဖိနပ်ချုပ်ခုံပေါ်၌ သေချာစွာတင်ထားကြသည်။ ထို့နောက် အပြင်သို့ လျှပ်စီးသဖွယ် လျင်မြန်စွာပြေးထွက်ပျောက်ကွယ်သွားလေသည်။ ထိုအချိန်မှာ အရုဏ်တက်လုပြီဖြစ်သည်။ နောက်တစ်နေ့တွင် ဇနီးသည်က...

"အမောင်၊ နတ်သူငယ်ကလေးများသည် ကျွန်မတို့၏ကျေးဇူးရှင်များဖြစ်ပါသည်။ သူတို့ကယ်မသဖြင့်သာ ကျွန်မတို့ချမ်းသာကြရပါသည်။ ထို့ကြောင့် ကျွန်မတို့ကလည်း ကျေးဇူးဆပ်သင့်ပါသည်။ သူတို့၌ အဝတ်အစားတစ်စုံတစ်ရာမပါဘဲ နှင်းတောထဲသို့ထွက်သွားကြရရှာသည်ကို ကျွန်မလွန်စွာကရုဏာသက်လှပါသည်။ ထို့ကြောင့် သူတို့အတွက် ကျွန်မအဝတ်ငယ်တစ်စုံစီချုပ်၍ ပေးလိုပါသည်။ အမောင်ကလည်း ဖိနပ်ငယ်တစ်ရန်စီချုပ်၍ ပေးပေးပါ" ဟု ပြောဆိုလေသည်။ ဖိနပ်ချုပ်သမားလည်း ဇနီးသည်၏အကြံကို လွန်စွာနှစ်သက်ခြင်းဖြစ်မိ၏။

ထိုနေ့မှာပင် သူတို့သည် အဝတ်အစားကိုလည်းကောင်း၊ ဖိနပ်ကိုလည်းကောင်း ချုပ်လုပ်ကြသည်။ ထို့နောက် သားရေများအစား ယင်းတို့ကို ဖိနပ်ချုပ်ခုံပေါ်တွင်တင်ထားကြ၏။ အကျိုးအကြောင်းသိလိုသဖြင့်လည်း နှစ်ဦးသားပုန်း၍ စောင့်ကြည့်နေကြ၏။ သန်းခေါင်ယံအချိန်သို့ ရောက်သော် နတ်သူငယ်ကလေးနှစ်ဦး ရောက်လာ၏။ သူတို့သည် ခါတိုင်းကဲ့သို့ပင် ဖိနပ်ချုပ်ရန် အလုပ်ခုံတွင် ဝင်၍ထိုင်ကြ၏။ ထိုအခါ အသင့်တင်ထားသော အဝတ်ငယ်နှစ်စုံနှင့် ဖိနပ်ငယ်နှစ်ရန်ကို တွေ့ရှိကြလေသည်။ သူတို့သည်ဝမ်းမြောက်ဝမ်းသာရယ်မောကြပြီးလျှင် အဝတ်တို့ကို ကောက်ယူဝတ်ဆင်ကြသည်။ ဖိနပ်တို့ကို ကောက်ယူစီးကြသည်။ ထို့နောက်ဝမ်းသာလွန်းသဖြင့် နှစ်ဦးသား ခုန်ပေါက်၍ ကကြလေသည်။ သူတို့သည် ကခုန်ရင်းနှင့်ပင် အပြင်သို့ထွက်သွားကာ ပျောက်ကွယ်သွားကြလေသည်။

ထိုနေ့မှစ၍ သူတို့ကို နောက်ထပ်မတွေ့ရတော့ချေ။ သို့သော် ဖိနပ်ချုပ်သမားဇနီးမောင်နှံမှာမူ တစ်နေ့တခြားစီးပွားတိုးတက်ကာ လူချမ်းသာများ ဖြစ်သွားကြလေသည်။ ။

**အသင့်တင်ထားသော အဝတ်ငယ်နှစ်စုံနှင့် ဖိနပ်ငယ်နှစ်ရန်ကို တွေ့ရှိကြလေသည်။ သူတို့သည် ဝမ်းမြောက်ဝမ်းသာရယ်မောကြပြီးလျှင် အဝတ်တို့ကို ကောက်ယူဝတ်ဆင်ကြသည်။ ဖိနပ်တို့ကို ကောက်ယူစီးကြသည်။ ထို့နောက်ဝမ်းသာလွန်းသဖြင့် နှစ်ဦးသား ခုန်ပေါက်၍ကကြလေသည်**

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





## ကဗျာ

# ဝါကျွတ်ဆုတောင်း

❖ မြောက်ချီတဲ့လက်မှုံ။
ဆီမီးငယ်ဝါဝါနှင့်
ဆုခြွေကာ ပဏာသ
ချမ်းမြရေစုံ။

❖ ဖြူနီညို စုံစုံလက်ပါတဲ့
နှဖပ်ဖပ် ကြာအင်္ဂ
ဝတ်မှုန်က ပျံ့မွှေး။

❖ သွယ်နွဲ့ လှိုင်ကြည်
မယ်နဲ့ မောင် တစ်ခိုင်စီပ
ဆုပန်ရည် စေတီနန်းမှာဖြင့်
နိဗ္ဗူပြည် ခြွေရည်မှန်းကာ
တမ်းမိတယ်လေး။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ၁၀

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## မိုက်ကယ်ဖာရာဒေး

မိုက်ကယ်ဖာရာဒေး Faraday, Michael ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ၁၇၉၁ ခုနှစ်၌ မွေးဖွားခဲ့သည်။ အချိန်နှင့်အမျှ ကြီးကျယ်မြင့်မြတ်သော စမ်းသပ်မှုများပြုလုပ်သည့် သိပ္ပံပညာရှင်များအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ သူသည်အသက် (၇၅) နှစ်အရွယ် ၁၈၆၇ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။


လူငယ်ဘဝတွင် မိုက်ကယ်ဖာရာဒေးသည် ထင်ရှားသော သိပ္ပံပညာရှင်ဖြစ်သည့် ဟမ်ဖရီဒါဗီမှ ပို့ချသောလက်ချာများကို တက်ရောက်ခဲ့သည်။ ဖာရာဒေးသည် ဒါဗီပြောကြားခဲ့သည်များကို ဂရုတစိုက် သေသေချာချာ နားထောင်ရေးမှတ်ထားသော မှတ်စုများကိုပြုစု၍ အတူတကွစုစည်းစာအုပ်ချုပ်ပြီး ယင်းတို့ကို ဒါဗီထံသို့ ပေးပို့ခဲ့ပါသည်။ ပထမဦးစွာ ဒါဗီက ဖာရာဒေးကို စာချုပ်ချုပ်သူအနေဖြင့် သူ့အလုပ်ကို ဆက်လုပ်သင့်ကြောင်း ပြောကြားခဲ့ပါသည်။ သို့ရာတွင် မကြာမီအလုပ်နေရာတစ်ခု ရရှိနိုင်သောအခါ ဒါဗီက ဖာရာဒေးကို အလုပ်တစ်နေရာအတွက် ကမ်းလှမ်းခဲ့ပါသည်။ ထို့ကြောင့် အသက် (၂၂) နှစ်အရွယ်တွင် ဖာရာဒေးသည် တော်ဝင်သိပ္ပံ၏ ဓာတ်ခွဲခန်းများတွင် လက်ထောက်တစ်ဦးဖြစ်လာခဲ့ပါသည်။ ၁၈၂၅ ခုနှစ်တွင် သူသည် ဒါရိုက်တာဖြစ်လာသည်။ ဖာရာဒေး၏ သုတေသနပြုမှုများသည် ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်နှစ်ခုစလုံးတွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ သူသည် ဓာတုဗေဒပစ္စည်းများအပေါ် လျှပ်စစ်စီးကြောင်းများ၏ အကျိုးသက်ရောက်မှုကို အထူးစိတ်ဝင်စားခဲ့ပါသည်။ ထို့ပြင် ဆဲလ်များ(ဘက်ထရီများ) ရှိ ဓာတုပစ္စည်းများမှ လျှပ်စစ်စီးကြောင်းများ ထုတ်လုပ်မှုနည်းလမ်းကို အထူးစိတ်ဝင်စားခဲ့ပါသည်။ သူသည် နိမ့်သောအပူချိန်များတွင် ဓာတ်ငွေ့များ အရည်အဖြစ်သို့ မည်သို့ပြောင်းလဲသည်ကိုလည်း လေ့လာဆည်းပူးခဲ့သည်။ ထို့ပြင် မိုက်ခရိုစကုပ်များ၏ မှန်ဘီလူးများအတွက် ဖန်မှန်အမျိုးအစားသစ်များ မည်သို့ပြုလုပ်ရန်ကို လေ့လာခဲ့ပါသည်။

ဤအချိန်တွင် လျှပ်စစ်ဓာတ်၏ ကွိုင်တစ်ခုထဲသို့ စီးဝင်သောအခါ ကွိုင်သည် မဂ္ဂနက်တစ်ခုကဲ့သို့ ပြုမူသည်ကို ပြသခဲ့သော ပြင်သစ်လူမျိုး ရူပဗေဒပညာရှင် အင်ဒရီမာရီအမ်ပီယာ၏ စမ်းသပ်မှုများကို ဖာရာဒေးကြားသိခဲ့ရပါသည်။ လျှပ်စစ်ဓာတ်သာ မဂ္ဂနက်ကို ထုတ်လုပ်နိုင်လျှင် မဂ္ဂနက်ကလည်း လျှပ်စစ်ကို ထုတ်လုပ်နိုင်မည်ဟု ဖာရာဒေးစဉ်းစားခဲ့ပါသည်။ သူသည် သံအပိုင်းအစတစ်ခုအပေါ်တွင် ဝိုင်ယာကြိုးကွိုင်တစ်ခုကို ရစ်ပတ်ခဲ့ပြီး လျှပ်စစ်ဓာတ်ကို ဖြတ်သန်းစေခဲ့သောအခါ သံသည် မဂ္ဂနက်တစ်ခုဖြစ်လာခဲ့သည်။ ထို့နောက် သူသည် သီးခြားကွိုင်တစ်ခုကို အလားတူသံအပိုင်းအစပေါ်သို့ ရစ်ပတ်ခဲ့ပါသည်။ လျှပ်စစ်ဓာတ်ကို ပထမကွိုင်ရှိ လျှပ်စီးကြောင်းပေါ်သို့ ဖွင့်လွှတ်လိုက်သောအခါ လျှပ်စီးကြောင်းသည် ဒုတိယကွိုင်တစ်ခုအတွင်းရှိ သံစတစ်စသည် မဂ္ဂနက်တစ်ဖြစ်လာသောအခါ လျှပ်စီးကြောင်းသည် ကွိုင်ထဲသို့ စီးဆင်းခြင်းဖြစ်ကြောင်းတွေ့ရသဖြင့် သူ၏အိုင်ဒီယာမှန်ကန်ခဲ့ပါသည်။ စင်စစ်တော့ သူသည် ထရန်စဖော်မာကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ယင်းသည် လျှပ်စစ်ပစ္စည်းအများစုတွင် အရေးကြီးသော အပိုင်းဖြစ်နေပါသည်။ ထို့နောက် ဟောင်းလောင်းပေါက်ကွိုင်ကိုယူပြီး မဂ္ဂနက်သို့ ဝင်ချည်ထွက်ချည် ရွှေ့လျားလိုက်လျှင် လျှပ်စီးကြောင်းသည် ကွိုင်ထဲသို့ စီးဝင်ကြောင်းကို သူတွေ့ရှိခဲ့ပါသည်။

### မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

သူသည် ဂျင်နရေတာကို တီထွင်ခဲ့ပါသည်။ ယင်းအလွန်အရေးကြီးသော ရှာဖွေတွေ့ရှိမှုနှစ်ခုသည် ခေတ်မီသောကမ္ဘာကြီးကို ပုံသွင်းရန် ကူညီခဲ့ပြီးဖြစ်ပါသည်။ သူ၏ရှာဖွေတွေ့ရှိမှုများကို အခြေခံထားသော ကြီးမားသည့်ပါဝါစတေရှင်များကို သူပြန်လာပြီး တွေ့မြင်နိုင်လျှင် ဖာရာဒေး မည်မျှအံ့အားသင့်ပါမည်နည်း။

သူ၏ များစွာသောတီထွင်မှုများအပြင် ရိုးစင်းသော နည်းလမ်းအတိုင်း သူလုပ်ဆောင်ခဲ့သည်ကို ရှင်းပြခြင်းအပေါ် ကျော်ကြားရခဲ့ပြီးဖြစ်ပါသည်။ ဤသည်ကြောင့် သာမန်လူများနားလည်နိုင်ကြပါသည်။ သူသည် ၁၈၂၆ ခုနှစ်တွင် လူငယ်များအတွက် ထင်ရှားသော တော်ဝင်သိပ္ပံ ခရစ္စမတ် ဟောပြောပွဲများ စတင်ခဲ့ပါသည်။ ထို့ပြင် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားချိန် သုံးနှစ်အတွင်းမှလွဲ၍ နှစ်စဉ်နှစ်တိုင်း ဟောပြောပွဲများ ကျင်းပခဲ့ပါသည်။ ယခုအခါ ယင်းဟောပြောပွဲများကို တယ်လီဗွီးရှင်းပေါ်တွင် လူသန်းပေါင်းများစွာ ကြည့်နေကြသည်။ ။



# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၅၀၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၆ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၃၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၇၅,၈၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၆,၄၅၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၀,၂၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၆၇) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၈-၁၀-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၆၂၄,၂၁၉) ဦးနှင့် အသက် (၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၆,၆၅၇,၂၀၉) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၈-၁၀-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၆၂၄,၂၁၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၅၇,၂၀၉ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသောအယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်ခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၅၄၉၂၄၆ | ၉၅၆၄၆၂၈၆ | ၁၀၈၇၈၇၃ |
| ၂။ | အိန္ဒိယ | ၄၄၆၁၂၀၁၃ | ၄၄၀၅၄၆၂၁ | ၅၂၈၇၉၉ |
| ၃။ | ပြင်သစ် | ၃၅၈၁၂၃၆၂၇ | ၃၄၇၆၀၉၆၂ | ၁၅၅၄၂၂ |
| ၄။ | ဘရာဇီး | ၃၄၇၆၂၈၆၀ | ၃၃၉၀၅၁၂၀ | ၆၈၆၈၉၅ |
| ၅။ | ဂျာမနီ | ၃၃၉၄၈၆၃၂ | ၃၂၅၇၈၆၀၀ | ၁၅၀၅၃၅ |
| ၆။ | တောင်ကိုရီးယား | ၂၄၉၇၀၇၈၉ | ၂၄၄၇၄၃၂၂ | ၂၈၆၇၅ |
| ၇။ | ဗြိတိန် | ၂၃၇၃၅၂၇၃ | ၂၃၃၈၃၈၁၇ | ၁၉၀၈၈၈ |
| ၈။ | အီတလီ | ၂၂၇၈၁၂၉၃ | ၂၂၁၀၆၃၁၈ | ၁၇၇၄၇၈ |
| ၉။ | ဂျပန် | ၂၁၅၃၉၃၁၉ | ၂၀၄၂၈၆၅၅ | ၄၅၄၆၁ |
| ၁၀။ | ရုရှား | ၂၁၂၀၃၃၃၂ | ၂၀၄၁၄၂၂၄ | ၃၈၈၁၉၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၈၆၄၁၄ | ၁၀၅၉၆၃၃၆ | ၄၃၁၅၃ |
| ၂။ | အင်ဒိုနီးရှား | ၆၄၄၄၉၄၈ | ၆၂၇၀၅၃၅ | ၁၅၈၂၀၅ |
| ၃။ | မလေးရှား | ၄၈၅၃၅၂၃ | ၄၇၉၄၀၀၄ | ၃၆၃၉၈ |
| ၄။ | ထိုင်း | ၄၆၈၂၁၃၂ | ၄၆၄၂၈၉၄ | ၃၂၇၇၁ |
| ၅။ | ဖိလစ်ပိုင် | ၃၉၆၇၈၆၁ | ၃၈၇၈၂၄၀ | ၆၃၂၆၄ |
| ၆။ | စင်ကာပူ | ၁၉၄၈၄၀၂ | ၁၈၅၇၅၃၆ | ၁၆၂၉ |
| ၇။ | မြန်မာ | ၆၂၆၄၅၈ | ၆၀၀၂၆၆ | ၁၉၄၆၇ |
| ၈။ | ဘရူနိုင်း | ၂၂၇၇၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၉၉၅ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၂၇ | ၁၃၄၇၉၉ | ၃၀၅၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ အုံ့ဖွယ်ကိုးစုံရွှေစည်းခုံစွယ်တော်စေတီတော်ကြီးတွင် ဆီမီး ၁၁၀၀၀ ကပ်လှူပူဇော်

ညောင်ဦး အောက်တိုဘာ ၉

၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက် ညနေ ၆ နာရီခွဲမှစတင်ပြီး ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ အုံ့ဖွယ်ကိုးစုံရွှေစည်းခုံစွယ်တော်စေတီတော်ကြီးတွင် ဆီမီး ၁၁၀၀၀ ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ အုံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစွယ်တော်စေတီကြီး၌ အခါကြီးရက်ကြီးများတွင် မြန်မာပြည်အရပ်ရပ်မှ ဆီမီးပူဇော်လာရောက်လေ့ရှိရာ နှစ်စဉ်နှစ်တိုင်း ရိုးရာမပျက်ဆီမီးပူဇော်ကြကြောင်း၊ ယနေ့ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင်လည်း ရွှေစည်းခုံဂေါပကအဖွဲ့က ဆီမီး ၅၀၀၀ နှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ရွှေစည်းခုံစွယ်တော်စေတီကြီးအား ဆီမီး ၆၀၀၀ လှူဒါန်းကြရာ ဆီမီးပူဇော်လှူဒါန်းမှု ၁၁၀၀၀ ရှိကြောင်း သိရသည်။

သီတင်းကျွတ်လပြည့် ရွှေစည်းခုံစွယ်တော်စေတီ ဆီမီး ၁၁၀၀၀ ကပ်လှူပူဇော်ခြင်းနှင့်အတူ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရား၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ သဗ္ဗညုဘုရား၊ အာနန္ဒာဘုရား၊ ရွှေဂူကြီးဘုရား၊ အင်းကြင်းဂူဘုရား၊ ဗူးဘုရား၊ ရွှေဆံတော်ဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ စူဠာမဏိဘုရား၊ ရွာဟောင်းကြီးဘုရား၊ နဂါးရုံဘုရား၊ အပါယ်ရတနာဘုရား၊ စိုးမင်းကြီးဘုရား၊ ဆင်များရှင်ဘုရားနှင့် ဓမ္မရာဇကဘုရား၊ ထီးလိုမင်းလိုဘုရားတို့တွင် ဆီမီးပူဇော်ခဲ့ကြောင်း သိရသည်။ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်တွင်လည်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိဘုရားများကို ဆက်လက်ဆီမီးပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

❖





# သီတင်းကျွတ်လပြည့်တွင် သံတွဲမြို့ရှိ သမိုင်းဝင်တန်ခိုးကြီး စေတီဘုရားများ၌ အနယ်နယ်အရပ်ရပ်မှဘုရားဖူးများဖြင့် အထူးစည်ကား

သံတွဲ အောက်တိုဘာ ၉

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)သည် ပုရိမဝါကပ်၍ ဝါကျိုး၊ ဝါပြတ်ခြင်း မရှိသည့် သံဃာတော်များ စုပေါင်း၍ပြုရသော သံဃာ့မဟာပဝါရဏာနေ့ထူးနေ့မြတ် တစ်နေ့ဖြစ်သည်။

ယနေ့ကျရောက်သည့် သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် အနယ်နယ်အရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်များသည် ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြကာ ဥပုသ်သီလဆောက်တည်ကုသိုလ်ယူကြပြီး ညနေပိုင်းတွင် သမိုင်းဝင် တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုကြကာ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသဖြင့် သံတွဲမြို့ရှိ သမိုင်းဝင်တန်ခိုးကြီး ရွှေဆံတော်၊ ရွှေနံတော်စေတီနှင့် ရွှေအံတော်စေတီတော်မြတ်တို့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသည့်သည်များ အေးချမ်းသာယာစွာဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ဘုရားဖူးလျက်ရှိကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)


# မဏိရတနာမြတောင်ကျောင်းတိုက်၏ အဓိပတိမဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တအကုံရ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် အောက်တိုဘာ ၉

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် မဏိရတနာမြတောင်ကျောင်းတိုက်၏ အဓိပတိမဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တအကုံရ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၀)နှစ် သိက္ခာတော်(၇၀)ဝါအရ ၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၁၅ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၄၁ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အောက်တိုဘာ ၁၅ ရက်တွင် အန္တိမအဂ္ဂိစျာပနပူဇာကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် မဏိရတနာမြတောင်ကျောင်းတိုက် အဓိပတိမဟာနာယကဆရာတော် ဘဒ္ဒန္တအကုံရ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သူဌေးကုန်းကျေးရွာတွင် ခမည်းတော် ဦးစံထိုက်+မယ်တော် ဒေါ်အေးပုံတို့မှ ၁၂၉၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် မအူပင်မြို့နယ် သူဌေးကုန်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပေါရာဏကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက်တွင် ငါန်းဇွန်မြို့နယ် ရွာဦးကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဒေါ်ညီမလေး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မအူပင်မြို့နယ် သူဌေးကုန်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပေါရာဏ၊ မန္တလေးမြို့ မဏိရတနာမြတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေလာသာဘိဝံသ စသည့် ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး **"သာသနဓဇဓမ္မာစရိယ"** ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဏိရတနာမြတောင်ကျောင်းတိုက်၌ စာသင်သားရဟန်း/ သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ရပ်/ကျေးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း၊ မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဒေသကြီး ဝိနည်းဓိုရ် ဆရာတော်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း ယနေ့အထိ သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၂ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၀)နှစ် သိက္ခာတော်(၇၀)ဝါအရ ၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၁၅ ရက် ၉-၁၀-၂၀၂၂ တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၄၁ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၁၅-၁၀-၂၀၂၂ ရက်နေ့တွင် အန္တိမအဂ္ဂိစျာပနပူဇာကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# ပရီမီယာလိဂ် ခုနစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့သည့် ဒုတိယမြောက် မန်စီးတီးကစားသမားဖြစ်လာတဲ့ ဟာလန်း

တိုက်စစ်မှူး ဟာလန်းဟာ မန်စီးတီးအသင်းက ဆောက်သမ်တန်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ် ခုနစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဒုတိယမြောက် မန်စီးတီးအသင်း ကစားသမားဖြစ်လာခဲ့ပါတယ်။

မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ် ခုနစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံး ကစားသမားကတော့ တိုက်စစ်မှူး ဆာဂျီယိုအဂူရို ဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွင်းက သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်းက ဒေါ့မွန်အသင်းဆီကနေ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းဟာ လက်ရှိမှာ ပရီမီယာလိဂ်သွင်းဂိုး ၁၅ ဂိုး အထိရှိလာခဲ့ပြီး မန်စီးတီးအသင်းနဲ့အတူ ပြိုင်ပွဲစုံ ၁၃ ပွဲကစားပြီးချိန်မှာ သွင်းဂိုးစုစုပေါင်း ၂၀ အထိရှိလာခဲ့ပြီဖြစ်ပါတယ်။

ဒါကြောင့် မန်စီးတီးအသင်းအတွက် သွင်းယူခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းရဲ့ လက်ရှိသွင်းဂိုးစုစုပေါင်းဟာ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီ မန်စီးတီးအသင်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့စဉ်က အသင်းရဲ့ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ခဲ့တဲ့ ကီဗင်ဒီဘရိုင်းရဲ့သွင်းဂိုးနဲ့ တူညီသွားခဲ့ပြီ ဖြစ်ပါတယ်။




## ဘောလုံးလောကသတင်းတိုများ

- ပီအက်စ်ဂျီအသင်း နောက်တန်းကစားသမား ရာမိုစ်ဟာ ရိမ်းစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့တဲ့ ပွဲစဉ်မှာ တိုက်ရိုက်အနီကတ်ပြသခံခဲ့ရတာကြောင့် ကစားသမားဘဝတစ်လျှောက် အနီကတ်ပြထုတ်ပယ်ခံရတဲ့ အကြိမ်(၂၈)ကြိမ် ရှိသွားပြီဖြစ်ပါတယ်။
- *စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ဘရိုက်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ် ၁၂ ပွဲမှာ သွင်းဂိုး ၁၂ ဂိုးသွင်းယူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။*
- လီဗာပူးအသင်းဟာ ဝက်စ်ဟမ်းအသင်းမှ အသက် ၂၃ နှစ်အရွယ် ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ အပြင်းအထန်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- *စပါးအသင်းဟာ နည်းပြ အန်တိုနီကွန်တီအား တစ်နှစ်ပေါင်သန်း ၂၀ ကျော်နဲ့ တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖို့ ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။*
- ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းက လာမယ့် အပြောင်းအရွှေ့ကာလမှာ ချယ်လ်ဆီးအသင်းမှ ဂါဘွန်တိုက်စစ်မှူး အူဘာမီယန်ကို ခေါ်ယူသွားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

## ယူရို ၂၀၂၄ ပြိုင်ပွဲခြေစစ်ပွဲအတွက် အုပ်စုမဲခွဲမှုများ

| အုပ်စု(A) | အုပ်စု(B) | အုပ်စု(C) | အုပ်စု(D) | အုပ်စု(E) |
|---|---|---|---|---|
| စပိန် | နယ်သာလန် | အီတလီ | ခရိုအေးရှား | ပိုလန် |
| စကော့တလန် | ပြင်သစ် | အင်္ဂလန် | ဝေးလ် | ချက် |
| နော်ဝေ | အိုင်ယာလန် | ယူကရိန်း | အာမေးနီးယား | အယ်ဘေးနီးယား |
| ဂျော်ဂျီယာ | ဂရိ | မြောက်မက်ဆီဒိုးနီးယား | တူကီယဲ | ဖာရိုးကျွန်းစု |
| ဆိုက်ပရပ်စ် | ဂျီဘရော်တာ | မော်တာ | လက်ဗီးယား | မော်ဒိုဗာ |

| အုပ်စု(F) | အုပ်စု( G) | အုပ်စု(H) | အုပ်စု(I) | အုပ်စု(J) |
|---|---|---|---|---|
| ဘယ်လ်ဂျီယံ | ဟန်ဂေရီ | ဒိန်းမတ် | ဆွစ်ဇာလန် | ပေါ်တူဂီ |
| ဩစတြီးယား | ဆားဘီးယား | ဖင်လန် | အစ္စရေး | ဘော့စနီးယား |
| ဆွီဒင် | မွန်တီနီဂရိုး | ဆလိုဗေးနီးယား | ရိုမေးနီးယား | အိုက်စလန် |
| အဇာဘိုင်ဂျန် | ဘူလ်ဂေးရီးယား | ကာဇက်စတန် | ကိုဆိုဗို | လူဇင်ဘတ် |
| အက်စတိုးနီးယား | လစ်သူရေးနီးယား | မြောက်အိုင်ယာလန် | ဘီလာရုစ် | ဆလိုဗက်ကီးယား |
| | | ဆန်မာရီနို | အန်ဒိုရာ | လီချန်စတိန်း |



## ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ် အက်စတာနာအိုးပင်း ဗိုလ်လုပွဲတက်လှမ်း

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ အောက်တိုဘာ ၈ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်စတာနာ အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ဆီမီးဖိုင်နယ်အဆင့်မှာ ပြိုင်ဘက်ကစားသမားဖြစ်တဲ့ ရုရှားတင်းနစ်ကစားသမား ဒန်နီအီလ်မက်ဗီဒက်ဗ် ဒဏ်ရာပြဿနာကြုံခဲ့ရတာကြောင့် နောက်ဆုံးဗိုလ်လုပွဲအဆင့်သို့ ဂျိုကိုဗစ်တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

ကမ္ဘာ့နံပါတ်(၄)အဆင့်ရှိ ဒန်နီအီလ်မက်ဗီဒက်ဗ်ဟာ ကာဇက်စတန်မှာ ကျင်းပလျက်ရှိတဲ့ အက်စတာနာအိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်၌ ပထမပွဲငယ်မှာ ဂျိုကိုဗစ်ကို အနိုင်ရရှိခဲ့ပေမယ့် ဒုတိယပွဲငယ်မှာ ဒဏ်ရာပြဿနာကြုံခဲ့လို့ ပြိုင်ပွဲကနေ ထွက်ခဲ့ရတာကြောင့် ဂျိုကိုဗစ်က ဗိုလ်လုပွဲတက်လှမ်းခဲ့တာ ဖြစ်ပါတယ်။

ဂရန်းဆလမ်းဆုဖလားကို (၂၁)ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့တဲ့ ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ အက်စတာနာအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ဗိုလ်လုပွဲအဆင့်မှာ စတီဖာနို့စ်နဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

# ဂျာဝင်အန်ကာဂျက်ကို အနိုင်ရပြီး အိုင်ဘီအက်ဖ်စူပါ-ဖလိုင်းဝိတ်ခါးပတ်ကို ထပ်မံသိမ်းပိုက်နိုင်ခဲ့တဲ့ ဖာနန်ဒိုမာတီနက်ဇ်

အာဂျင်တီးနားလက်ဝှေ့ကျော် ဖာနန်ဒိုမာတီနက်ဇ်ဟာ ဖိလစ်ပိုင်လက်ဝှေ့ကျော် ဂျာဝင်အန်ကာဂျက်ကို အနိုင်ရရှိခဲ့ပြီး အိုင်ဘီအက်ဖ်စူပါ-ဖလိုင်းဝိတ်ခါးပတ်ကို ထပ်မံသိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဖာနန်ဒိုမာတီနက်ဇ်နဲ့ ဂျာဝင်အန်ကာဂျက်တို့ဟာ ယခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်က အိုင်ဘီအက်ဖ်စူပါ-ဖလိုင်းဝိတ်ခါးပတ်လုပွဲအဖြစ်





ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာလည်း ဖာနန်ဒိုမာတီနက်ဇ်က အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒါကြောင့် ဖာနန်ဒိုမာတီနက်ဇ်နဲ့ ဂျာဝင်အန်ကာဂျက်တို့ဟာ အောက်တိုဘာ ၈ ရက်က ကယ်လီဖိုးနီးယားမှာ မကျေပွဲထပ်မံထိုးသတ်ခဲ့ရာမှာလည်း ဖာနန်ဒိုမာတီနက်ဇ်ကပဲ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဖာနန်ဒိုမာတီနက်ဇ်ဟာ ဒိုင်ပေးမှတ်ဖြစ်တဲ့ ၁၁၉-၁၀၉၊ ၁၁၈-၁၁၀၊ ၁၁၈-၁၁၀ နဲ့ အပြတ်သတ် အနိုင်ရရှိခဲ့ကာ အိုင်ဘီအက်ဖ်စူပါ-ဖလိုင်းဝိတ်ခါးပတ်ကို ရရှိခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဘယ်ပြိုင်ဘက်နဲ့မဆို ထိုးသတ်ဖို့ အဆင်သင့်ပါပဲ။ ကျွန်တော့်ရဲ့ နိုင်ပွဲရရှိမှုစံချိန်တွေက ကျွန်တော်ဟာ ချန်ပီယံတစ်ဦးဖြစ်တယ်ဆိုတာ သက်သေပြခဲ့ပြီ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း ၁၅ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီလို့ ဖာနန်ဒိုမာတီနက်ဇ်က ပြောကြားခဲ့ပါတယ်။

ငွေကြယ် - ရေးသားသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၇-၁၀-၂၀၂၂ ရက်မှအဆက်

မော်သည် ကိုခင်မောင်ကြည်နှင့် ‘မ’ အတွက် ကော်ဖီငှဲ့ပေးလိုက်သည်။

နောက်ဆုံးမှ သူ့အတွက် ငှဲ့လိုက်သည်။ ‘မ’ က ကော်ဖီကို တစ်ကျိုက်မျှ သောက်ရင်း ရှုံ့မဲ့သွားလေသည်။

“ကော်ဖီကလည်းကွယ်... နို့တွေ များလိုက်တာ။ မော်ဖျော်ရင် ဒီလိုချည်းပဲ”

“အို...‘မ’ ကလည်း၊ ‘မ’ သောက်သလိုတော့ ခါးခါးတူးတူးကြီး မသောက်နိုင်ပါဘူး။ ကော်ဖီဆိုတာ နို့လေးပျစ်ပျစ်နဲ့မှ သောက်လို့အရသာရှိတယ်”

“ကိုယ်ကတော့ နှစ်မျိုးစလုံး ကြိုက်တယ်။ ဒါပေမဲ့ သူ့အချိန်နဲ့သူမှ၊ မနက်စောစော အိပ်ရာထဆိုရင် မိန္ဒွေမပြောသလို ကော်ဖီခါးခါးလေးမှ သောက်လို့အရသာရှိတယ်။ နေ့ခင်းဆိုရင်တော့ ခုလို နို့ပျစ်ပျစ်ကလေးနဲ့မှ သောက်ရတာ အရသာရှိတယ်”

“ဟေး ... ဒါတော့ ကိုကိုကြည်က လူပေါ်လူဇော် လုပ်တာပဲကွ။ ကောင်းတယ်၊ ကြိုက်တယ်ဆိုတာ တစ်မျိုးပဲဖြစ်ရမယ်။ နှစ်မျိုးမဖြစ်ရဘူး။ မော်ပြောတာကို သဘောတူတယ်မဟုတ်လား ‘မ’”

မော်က ကိုခင်မောင်ကြည်ကို အနိုင်ယူ၍ ‘မ’ ကို စစ်ကူတောင်းလိုက်သည်။

“ဟုတ်တာပေါ့။ လောကမှာ လူတစ်ယောက်ဟာ အကြိုက်တစ်မျိုးပဲရှိသင့်တာပေါ့။ နှစ်မျိုးစလုံး ကြိုက်တယ်၊ ကောင်းတယ်လို့ ထင်တဲ့လူဟာ စိတ်မတည်တံ့တဲ့လူပဲ”

ကိုခင်မောင်ကြည်သည် ‘မ’ ပြောလိုက်သောစကားကြောင့် တစ်ချက် ငိုင်၍သွားလေသည်။

အံ့ဩဟန်လည်း ရှိသည်။

မော်ကမူ သူ့ဘက်က အနိုင်ရသည့်အတွက် ဝမ်းသာအားရ ဩဘာပေးလိုက်သည်။

“ဟုတ်တယ်...ဟုတ်တယ်၊ ‘မ’ ပြောတာကို မော်ထောက်ခံတယ်။ ကိုကိုကြည် ရှုံးပြီကွ”

ကိုခင်မောင်ကြည်သည် ရောယောင်၍ ပြုံးလိုက်ရသော်လည်း စိတ်ထဲ၌မူ အောင့်သက်သက်ရှိလှသည်။

‘မ’ ၏ ချက်ကျပိုင်နိုင်လှသော စကားကိုလည်း ပြန်၍မချေပနိုင်အောင် ရှိတော့သည်။

“‘မ’ က သိပ်စကားတတ်ပါလား၊ ကိုယ်ပြောတာက ဒီလိုမဟုတ်ပါဘူးကွာ။ နှင်းဆီကယည်၊ သဇင်ကပြုံးဆိုတဲ့ စာလိုပေါ့။ သူ့ဟာနဲ့သူ တစ်မျိုးစီ ချစ်စရာကောင်းတဲ့သဘောပေါ့။ ဥပမာ... ဘယ်ပန်းက ဘယ်ရာသီမှာပွင့်လို့ သူ့ကို တခြားပန်းက ပိုပြီးလှတာပေါ့။ ဒီသဘောကို ပြောတာပါ”

“ရာသီပန်းနဲ့ ပန်းကိုဖွဲ့တာဟာ လူ့ဘဝနဲ့ မဆိုင်ပါဘူး။ ဥပမာ ..လူတစ်ယောက်ဟာ တစ်ကြိမ်တည်းမှာ ဝါဒနှစ်မျိုးကို ယုံကြည်စွဲမြဲပါတယ်ဆိုရင် ဒါဟာ ဘယ်နည်းနဲ့မှ ယုံကြည်ဖို့မကောင်းဘူး။ နှစ်မျိုးစလုံးကို မယုံကြည်တာပဲ။ မခိုင်မြဲတဲ့စိတ်ကိုပြတာ”

မော်သည် ခုန်ပေါက်ရင်း အော်လိုက်ပြန်သည်။

“ဟေး...ဟုတ်တယ်။ ဒါမှ တို့ ‘မ’ ကွ။ ကိုကိုကြည်ကြီး ရှုံးပြီ”

ကိုခင်မောင်ကြည်သည် ပြုံး၍နားထောင်နေလိုက်ရတော့သည်။

ဆက်ပြောနေလျှင် ကိုယ်နေရသည့်ဘက်က အရှုံးဘက်က များနေသည်။

ထို့ကြောင့်လည်း စကားကို လွှဲပစ်လိုက်သည်။

“ကဲပါဗျာ...ကိုကိုကြည်ပဲ အရှုံးပေးပါတယ်။ ကဲ...နိုင်တဲ့လူက လက်ဖက်တစ်ရိုးတော့ သုပ်ကျွေးကွာ။ ‘မ’ က လက်ဖက်သုပ်ကောင်းပါတယ်။ နိုင်ငံခြားကတည်းက လက်ဖက်ငတ်လာတယ်”

“ကိုကိုကြည်က ပါးတယ်ကွ။ ပါးတယ်။ စကားလွှဲပစ်တယ်။ ကဲ...‘မ’ ရာ သနားပါတယ်။ လက်ဖက်တစ်ရိုးလောက်တော့ သုပ်ပေးလိုက်ပါ”

‘မ’ သည် ကိုခင်မောင်ကြည်အတွက် သူကိုယ်တိုင်ပင် လက်ဖက်ကို သုပ်ပေးလိုက်သည်။

ကိုခင်မောင်ကြည်သည် ‘မ’ သုပ်ပေးသော လက်ဖက်ကို အားရပါးရ စားလိုက်သည်။ မော်သည် ကိုခင်မောင်ကြည် စားပုံကိုကြည့်ရင်း ကျေနပ်နေသည်။

“ကဲ...စားသောက်ပြီးပြီ၊ ဗစ်တာတို့ အိမ်သွားမယ်။ ဟိုကျတော့ မွန့်လက်ရာကလေးနဲ့ ညစာစားရမယ်။ အန်တီရောလိုက်မယ်တဲ့”

မွန်က ဘဲဥတောင် ကြော်တတ်မှာမဟုတ်ဘူး။ ဆိုင်မှာကျွေးရင် မော်တို့ လိုက်မယ်။ မာမီတောင် ကနေ့သွားမယ်လို့ ပြောနေတာ”

“ဒါဖြင့် ကောင်းသားပဲ၊ ကဲ...အဝတ်လဲကြ၊ ‘မ’ ရော လိုက်ခဲ့ကွာ”

မော်သည် အခန်းတွင်းမှ အပြေးထွက်သွားသည်။ လမ်းထွက်ရမည်ဆိုလျှင် မော်က ကျေနပ်ပြီးသားဖြစ်သည်။

‘မ’ မလိုက်တော့ပါဘူး ကိုကိုကြည်။ စာကြည့်ရလွန်းလို့ ခေါင်းတွေမူးနေတယ်”

ကိုခင်မောင်ကြည်သည် ‘မ’ ကို မကျေမနပ်ဖြင့် ကြည့်လိုက်သည်။

“မိန္ဒွေမတစ်ယောက်က အရင်ကလို မဟုတ်ဘူး။ ပြောင်းလဲနေတယ်။ ဘာလဲ ... ကိုကိုကြည်ကို အရင်ကလို မခင်တော့ဘူးလား”

“‘မ’ ဘယ်သူ့အပေါ်မှ မေတ္တာမပျက်တတ်ပါဘူး။ မနေ့ကမှ စာမေးပွဲ ပြီးတော့ နည်းနည်းပင်ပန်းနေလို့ပါ ကိုကိုကြည်။ နောက်တစ်ခေါက်မှ ‘မ’ လိုက်ပါရစေ”

“ရှိပါစေတော့ဗျာ ... ရှိပါစေတော့”

ကိုခင်မောင်ကြည်သည် စိတ်ပျက်လက်ပျက်ဖြင့် ဧည့်ခန်းသို့ ထွက်ခဲ့သည်။

‘မ’ သည် နောက်ဖေးမီးဖိုချောင်တွင် မောင်အေးနှင့် ကော်ဖီပွဲကိုသိမ်းရင်း ညစာအတွက် စီမံရသည်။

ကိုခင်မောင်ကြည်က အပြင်မှအော်၍ နှုတ်ဆက်လိုက်သည်။

“ ‘မ’ ရေ ... သွားပြီပေါ့။ နက်ဖြန်ညနေတော့ ကိုယ်တို့အိမ်မှာ ထမင်းစားရမယ်နော်။ တစ်အိမ်လုံးလာရမယ်။ မလာတဲ့လူတော့ ဒါပဲနော်”

‘မ’ သည် အပြင်သို့ထွက်၍ ကိုခင်မောင်ကြည် ကျေနပ်အောင် ပြောရပြန်သည်။

“ဟုတ်ကဲ့ ... ကိုကိုကြည်၊ မနက်ဖြန်ညလာပါ့မယ်”

ဒေါ်ခင်မျိုးသန့်သည် အပေါက်ဝသို့ရောက်မှ တစ်စုံတစ်ခုကို သတိရ ဟန်ဖြင့် ‘မ’ ကို ပြန်၍မှာနေပြန်သည်။

“‘မ’ ရေ...မင်းဒက်ဒီပြန်လာရင် မွန်တို့ဆီကို လိုက်ခဲ့လို့ ပြောလိုက်။ တို့အပြန်ကားမရှိဘူး ... ကြားလား”

“ဟုတ်ကဲ့ မေမေ”

“ကျွန်တော် လိုက်ပို့မှာပေ့ါ အန်တီရဲ့”

“မဟုတ်ဘူး၊ မဟုတ်ဘူး ... မောင်ကြည် မင်းအန်ကယ်အကြောင်း မသိသေးလို့၊ ခုတလောသူကပိုက်ဆံမရတဲ့အလုပ်တွေကို သိပ်ကြိုးစားနေတယ်။ ဂီတသုခမအဖွဲ့ တဲ့ ... တက်လိုက်ရတဲ့အစည်းအဝေး၊ တော်တော်ကြာ ရန်ပုံငွေ ထည့်ရသေးတယ်။ မင်းအန်ကယ်နဲ့ ငါနဲ့တော့ အချိုးကိုမတည့်တော့ဘူး”

ဒေါ်ခင်မျိုးသန့်သည် အိမ်မှအထွက်တွင် ဦးကျော်ဒင်အား ရန်တွေ့သွားလေသည်။

‘မ’ ကမူ ဦးကျော်ဒင်ဘက်မှ မကျေမနပ် ဖြစ်မိသော်လည်း သူ့မေမေကို ဘာမျှပြန်မပြောရဲချေ။ ပြောလျှင်လည်း သူ့ကိုပါ အဆစ်ပါမည် သိထားပြီးဖြစ်သည်။ ထို့ကြောင့်လည်း ‘မ’ သည် ဒေါ်ခင်မျိုးသန့်ပြောသမျှ ငြိမ်၍နားထောင်ရင်း သက်ပြင်းကို မသိမသာချလိုက်မိသည်။

ဒေါ်ခင်မျိုးသန့်တို့ ထွက်သွားသောအခါ ဧည့်ခန်းတွင် လုပ်စရာရှိသည်တို့ကို လုပ်နေမိသည်။ စာမေးပွဲနီးကတည်းက ဘာမျှပြန်မကြည့်နိုင်သော ဧည့်ခန်းကို ရှင်းလင်းရသည်။

ပန်းများ အသစ်လဲရသည်။ ဓာတ်ပုံများကို ဖုန်သုတ်ရသည်။ ရှုပ်ပွနေသည်တို့ကို ရှင်းလင်းရသည်။

ဧည့်ခန်းကို ရှင်းပြီးသေအခါ ‘မ’ သည် တစ်စုံတစ်ခုကို ချီတုံချတုံဖြစ်နေသည်။

အတန်ကြာမှ တံမြက်စည်းတစ်ချောင်းကိုယူ၍ ကိုဘခက်၏အခန်းတွင်းသို့ ဝင်ခဲ့မိသည်။

ကိုဘခက်၏ အခန်းတွင်း၌ကား ဗရုပ္ပကြဲ၍နေတော့သည်။ အိပ်ရာကို ကြည့်လိုက်လျှင်ပင် စိတ်ပျက်စရာကောင်းလှသည်။

အိပ်ရာခင်းတခြား၊ မွေ့ရာတခြား၊ ခြင်ထောင်ကလည်း ဝါနေတော့၏။ အိပ်ရာဘေး ဆေးလိပ်ခွက်ထဲ၌ကား ဆေးလိပ်တိုများ အမောက်ပြည့်လျက်ရှိသည်။ ဘေးတွင် ဆေးလိပ်ပြာများ နေရာအနှံ့ လွင့်၍နေလေသည်။

လုံးထွေး၍ ပစ်ထားသော စက္ကူစုတ်များကို အခန်းထောင်တွင် တွေ့ရပြန်သည်။ စားပွဲပေါ်၌ကား စာအုပ်များက ကြဲ၍နေသည်။

စောင်းကြိုးအပြတ်များ၊ ရေးလက်စ သီချင်းအတိုအစများကား နေရာအနှံ့ ရှိတော့သည်။

‘မ’ သည် ကိုဘခက်၏အခန်းကို ကြည့်ရင်း အလိုလိုစိတ်ရှုပ်လာတော့သည်။ ခုလို ကြည့်မကောင်း မြင်မကောင်းအောင် ဖြစ်နေပြန်တော့လည်း ‘မ’ မှာ မနေနိုင်တော့ပေ။

မျက်နှာသုတ်ပဝါတစ်ထည်ကို ခေါင်းတွင်ပေါင်းလိုက်ပြီးလျှင် တစ်ခန်းလုံး ရှင်းရပြန်တော့သည်။ အိပ်ရာကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်၍ခင်းရသည်။ ဆေးလိပ်ခွက်ထဲမှ ဆေးလိပ်တိုများကို အပြင်သို့ပစ်ရသည်။

ရှုပ်ပွေနေသော စားပွဲကိုလည်း ရှင်းရသည်။ သီချင်းစာများကို ဖိုင်တစ်ခုတွင် တွဲပေးရသည်။ စာအုပ်များကိုလည်း စီ၍ထပ်ရသည်။ ကိုဘခက်၏ စားပွဲပေါ်မှ စာအုပ်များကို မြင်လိုက်သောအခါ ‘မ’ ၏လက်များသည် အလိုလို တွန့်၍သွားလေသည်။

သူ့ကိုယ်သူပင် မယုံနိုင်အောင်ရှိတော့သည်။ ထို့ကြောင့်လည်း ‘မ’ သည် စားပွဲပေါ်မှ စာအုပ်များကို တစ်အုပ်စီလှန်၍ ကြည့်လိုက်မိသည်။ ကိုဘခက်စားပွဲပေါ်မှ ကဗျာလင်္ကာသတ်ပုံ အဘိဓာန် ကျမ်းမျိုးစုံ တွေ့ရသော်လည်း မအံ့ဩမိချေ။ ‘မ’ အံ့ဩမိရသည်မှာ အင်္ဂလိပ်စာအုပ်များပင် ဖြစ်သည်။

ကမ္ဘာ့ဂီတ အဘိဓာန်၊ အရှေ့တိုင်းဂီတ၊ မိုးဇက်၊ ဘီသိုဗင်တို့၏ ဂီတစာအုပ်များ စသည်တို့ကို တွေ့မြင်ရသောအခါ ‘မ’ သည် မအံ့ဩဘဲမနေနိုင်အောင် ရှိတော့သည်။

ဤစာအုပ်များသည် သာမန် ခေတ်ပညာတတ်များပင် မဖတ်နိုင်ကြောင်း ‘မ’ ကိုယ်တိုင် သိပြီးဖြစ်သည်။ ခုလို ခက်ခဲနက်နဲသော စာအုပ်များကို ကိုဘခက်၏စားပွဲပေါ်၌ တွေ့ရသောအခါ ‘မ’ သည် ကိုဘခက်ကို နားမလည်နိုင်အောင် ရှိတော့သည်။

‘မ’ သည် စာအုပ်များကို တစ်အုပ်စီ ကိုင်၍ကြည့်လိုက်ပြီး စားပွဲတွင်ထပ်လိုက်သည်။ **ဆက်လက်ဖော်ပြပါမည်။**

“ကိုဘခက်၏စားပွဲပေါ်မှ စာအုပ်များကို မြင်လိုက်သောအခါ ‘မ’ ၏လက်များသည် အလိုလို တွန့်၍သွားလေသည်။ သူ့ကိုယ်သူပင် မယုံနိုင်အောင်ရှိတော့သည်။ ထို့ကြောင့်လည်း ‘မ’သည် စားပွဲပေါ်မှစာအုပ်များကို တစ်အုပ်စီလှန်၍ ကြည့်လိုက်မိသည်။ ကိုဘခက်စားပွဲပေါ်မှ ကဗျာ လင်္ကာ သတ်ပုံ အဘိဓာန်ကျမ်းမျိုးစုံ တွေ့ရသော်လည်း မအံ့ဩမိချေ။ ‘မ’ အံ့ဩမိရသည်မှာ အင်္ဂလိပ်စာအုပ်များပင်ဖြစ်သည်။ ကမ္ဘာ့ဂီတ အဘိဓာန်၊ အရှေ့တိုင်းဂီတ၊ မိုးဇက်၊ ဘီသိုဗင်တို့၏ ဂီတစာအုပ်များ စသည်တို့ကို တွေ့မြင်ရသောအခါ ‘မ’ သည် မအံ့ဩဘဲ မနေနိုင်အောင်ရှိတော့သည်။ ဤစာအုပ်များသည် သာမန်ခေတ်ပညာတတ်များပင် မဖတ်နိုင်ကြောင်း ‘မ’ ကိုယ်တိုင် သိပြီးဖြစ်သည်။ ခုလို ခက်ခဲနက်နဲသောစာအုပ်များကို ကိုဘခက်၏စားပွဲပေါ်၌ တွေ့ရသောအခါ . . .”

ဆရာအောင်လင်း၏ “အရိုင်းစံပယ်” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# သထုံမြို့ရှိ သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

သထုံ အောက်တိုဘာ ၉

မွန်ပြည်နယ် သထုံမြို့ရှိသမိုင်းဝင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး၌ သီတင်းကျွတ် လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ကုသိုလ်ဒါနပြု သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။



**ဝင်ရောက်ဖူးမြော်လေ့ရှိ**

စေတီတော်မြတ်ကြီးမှာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးနံဘေး၌ တည်ရှိသဖြင့် အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ရာ အများပြည်သူ ပိတ်ရက်ကာလ ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ စက်စဲ အစရှိသည့် အောက်မြန်မာပြည် ဘုရားဖူးအပန်းဖြေ ခရီးထွက်သူအများစုတို့ ခရီးတစ်ထောက်နား ဝင်ရောက်ဖူးမြော်လေ့ရှိပြီး မြို့၏အထင်ကရစေတီ လည်းဖြစ်သည့်အလျောက် ယခုကဲ့သို့ ဝါလကင်းလွတ် သီတင်းကျွတ်ကာလတွင် ဒေသခံအပေါင်းတို့က မိသားစုအလိုက် လာရောက်ဖူးမြော်ကုသိုလ်ပြုလေ့ ရှိသောကြောင့် အထူးစည်ကားကြောင်း စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦး က ပြောသည်။

"ဒီကာလက ဘုရားဖူးများတယ်။ ဘုရားဖူးများ တဲ့အတွက် လာတဲ့ဧည့်သည်တွေ စိတ်ချမ်းသာဖို့နဲ့ အေးချမ်းလုံခြုံဖို့ အထူးဂရုစိုက်ရတယ်။ ဧည့်သည် တွေ စိတ်အေးချမ်းသာစွာ နားနိုင်ဖို့ တည်းခိုဆောင်၊ တန်ဆောင်းတွေ၊ ကျန်းမာရေးအတွက် သောက်ရေ သန့်နဲ့ သန့်ရှင်းတဲ့အိမ်သာ၊ လျှပ်စစ်မီး စသည်ဖြင့် အတတ်နိုင်ဆုံး စနစ်တကျဖြစ်အောင်စီစဉ်ထားပါ တယ်" ဟု စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေက ပြောသည်။

သမိုင်းမှတ်တမ်းများအရ သထုံရွှေစာရံစေတီ တော်မြတ်ကြီးမှာ ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ် ကာလ မဟာသက္ကရာဇ် ၁၁၁ ခုနှစ်၊ သူရိယစန္ဒာ မင်းကြီးလက်ထက်၌ တည်ထားကိုးကွယ်ခဲ့ပြီး ကကုသန်ဘုရားရှင်၏ ဆံတော်ရှစ်ဆူ၊ ကောဏာဂုံ ဘုရားရှင်၏ တောင်ဝှေးတော်၊ ကဿပဘုရားရှင်၏ မြသပိတ်တော်နှင့် ဂေါတမဘုရားရှင်၏ သွားတော် လေးဆူတို့ဖြင့် ဘုရားရှင်လေးဆူတို့၏ ဓာတ်တော် မွေတော်များကို ဌာပနာသွင်းပူဇော်ထားသောကြောင့် လေးဆူဓာတ်စံရွှေစာရံစေတီဟူ၍ အနယ်နယ် အရပ်ရပ်၌ ထင်ရှားကျော်ကြားသော စေတီတစ်ဆူ ဖြစ်သည်။

သီတင်းကျွတ်လပြည့်သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသည့် အဘိဓမ္မာအခါတော်နေ့ ဖြစ်သည့်အလျောက် ရွှေစာရံစေတီတော်အပါအဝင် သထုံမြို့နယ်အတွင်းရှိ ဘုရားကျောင်းကန် အသီးသီး တို့၌ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲ၊ တရားသဘင် ဆင်ယင်ကျင်းပခြင်း၊ ဘုရားရှင်အား ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်း၊ ဗီဇိတဒါနငါးလွှတ်ခြင်း၊ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် နမ္မတူမြို့နယ် တောင်ပေါ်ဘုရား၌ ဆီမီးဆက်ကပ်လှူဒါန်းသူများ၊ တိုးနရားအကဖြင့် မြတ်စွာဘုရားရှင်အား ပူဇော်ကန်တော့နေမှုများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

လူမော်(ပြန်/ဆက်)



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ဘိုကလေးမြို့ ရန်ပြေမာန်ပြေအောင်စကြာ စေတီတော်၌ ဆီမီးတစ်ထောင် ပူဇော်ထားစဉ်။

မိုးစက်(ဘိုကလေး)



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## မြောင်းမြမြို့ ရှေးဟောင်းတာဝတိံသာဘုရားကြီးတွင် တတိယအကြိမ်မြောက် တာဝတိံသာဘုရားဆင်းပွဲ ကျင်းပ

မြောင်းမြ အောက်တိုဘာ ၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ် (၄) ရပ်ကွက် ရှေးဟောင်းတာဝတိံသာဘုရားကြီးတွင် တတိယအကြိမ်မြောက် တာဝတိံသာဘုရားဆင်းပွဲတော်ကို ယနေ့ညနေ ၆ နာရီက စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အဆိုပါ ပွဲတော်တွင် ဘုရားဖူးပြည်သူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီးနောက် မြို့မပရိယတ္တိစာသင်တိုက် ဆရာတော်အရှင်သူမြတ်က တာဝတိံသာဘုရားဆင်း ဗုဒ္ဓပူဇနိယပွဲတော် အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မြတ်စွာဘုရားကို ကြာသင်္ကန်းကပ်လှူပူဇော်သည်။ ည ၇ နာရီတွင် ဗုဒ္ဓမြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်သည့် ဘုရားဆင်းပူဇော်ပွဲ ကို ဆက်လက်ကျင်းပပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး အခမ်းအနားကို အောင်မြင်စွာပြီးမြောက်ခဲ့ သည်။

တာဝတိံသာဘုရားဆင်း ဗုဒ္ဓပူဇနိယပွဲတော်ကို မြောင်းမြမြို့ရှိ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြပြီး ယာဉ်ထိန်းတပ်ဖွဲ့ဝင် များကလည်း ဘုရားဖူးပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်လမ်းရှင်းပေးမှုများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရုံးပိတ်ရက်ကာလဖြစ်သော သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ဆယ်အိမ်တန်းကမ်းခြေ၌ လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကား

ကွမ်းခြံကုန်း အောက်တိုဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆယ်အိမ်တန်းကမ်းခြေ၌ ရုံးပိတ်ရက်များအတွင်း လာရောက်အပန်းဖြေအနားယူကြသူများဖြင့် ပုံမှန်စည်ကားလျက်ရှိရာ သီတင်းကျွတ်ရုံးပိတ်ရက်ကာလဖြစ်သော သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

“မနေ့က စနေနေ့ပိတ်ရက်မှာ လူစည်ကားတယ်ဆိုပေမယ့် ဒီနေ့ရေတက်ချိန်မွန်းတည့် ၁၂ နာရီကနေ ရေကျချိန် ညနေ ၄ နာရီထိကို ရေကူးဆော့ကစားကြတဲ့ ကလေး၊ လူကြီးတွေနဲ့ ပိုမိုစည်ကားခဲ့ပါတယ်။ ညနေပိုင်းနေဝင်ချိန်ထိ လာရောက်အပန်းဖြေအနားယူကြသူတွေ ပိုမိုများပြားလာတာဆိုတော့ ကမ်းခြေကိုလာရောက်လည်ပတ်ကြတဲ့ဦးရေက ၄၀၀၀ ဝန်းကျင်လောက်ရှိပါတယ်” ဟု ဆယ်အိမ်တန်းကမ်းခြေ၌ စားသောက်ဆိုင် ဖွင့်လှစ်ထားသော ကွမ်းခြံကုန်းမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

ရုံးပိတ်ရက်များအတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေကြသော ပြည်သူများဖြင့် စည်ကားတတ်သော ဆယ်အိမ်တန်းကမ်းခြေ၌ စားသောက်ဆိုင်ခန်းပေါင်း ၄၀ ကျော် ဖွင့်လှစ်ထားရာ နာမည်ကြီး ငါးသလောက်အိုးမှောက်နှင့် ကဏန်း၊ ပုစွန်အစားအစာများမှာ လာရောက်အပန်းဖြေလည်ပတ်ကြသည့် ဧည့်သည်များအတွက် အကြိုက်ဖြစ်စေသောကြောင့် နှစ်ခြိုက်စွာစားသုံးကြကြောင်း၊ ကမ်းခြေ၌ ကလေးများအကြိုက် မြင်းနှင့် လေးဘီးဆိုင်ကယ်များရှိရာ သီတင်းကျွတ်လပြည့်နေ့တွင် ကလေးများ ပျော်ရွှင်စွာ ၄ဘီးရမ်းစီးနင်းလည်ပတ်ဆော့ကစားခဲ့ကြပြီး လူကြီးများမှာလည်း ကမ်းခြေအနီးရှိရေသူထီး၊ ရေသူမတို့နှင့်အတူ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

၂၀၁၇ ခုနှစ်နှစ်ဆန်းပိုင်းမှ စတင်၍ လူသိပိုမိုများပြားလာခဲ့သော ဆယ်အိမ်တန်းကမ်းခြေသည် ရန်ကုန်မြို့နှင့် အနီးစပ်ဆုံးနေရာတွင် တည်ရှိသည့် ကမ်းခြေဖြစ်သောကြောင့် ရန်ကုန်မြို့နှင့် အနီးဝန်းကျင်ဒေသများမှ လာရောက်အပန်းဖြေကြသူ ပိုမိုများပြားလာခဲ့ကြောင်း၊ ညနေနေဝင်ချိန်တွင်ကမ်းခြေမှာလွန်စွာလှပနေ၍ ပန်းချီကားတစ်ချပ်သဖွယ်ဖြစ်နေသောကြောင့် ရေကူးကြသူများနှင့် လာရောက်အပန်းဖြေကြသူများမှာ ညနေနေဝင်ဆည်းဆာ အလှကိုစောင့်ဆိုင်း၍ အမှတ်တရဓာတ်ပုံများရိုက်ကူးတတ်ကြကြောင်း ဒေသခံများထံ သိရသည်။

ပွင့်သစ္စာ



## သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် မြဝတီမြို့နယ်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကားလျက်ရှိ

မြဝတီ အောက်တိုဘာ ၉

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့တွင် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်း၍ ကုသိုလ်ကောင်းမှုပြုကြသူများ၊ တရားဘာဝနာပွားများကျင့်ကြံအားထုတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထိုသို့ စည်ကားလျက်ရှိရာ မြဝတီမြို့ကျက်သရေဆောင် ဆံတော်ရှင်ရွှေမြင်းဝန်စေတီတော်မြတ်ကြီးတွင် လည်းကောင်း၊ ကျောက်လုံးကြီးကျောင်းတိုက်တွင် လည်းကောင်း၊ အဓိဋ္ဌာန်အောင်စေတီတော်တွင်လည်းကောင်း၊ ရွှေတိဂုံပုံတူ မဟာကနကစေတီတော်တွင် လည်းကောင်း တည်ငြိမ်အေးချမ်းပျော်ရွှင်စွာ ဘုရားဖူးလာသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အလားတူ မြဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်းတွင်လည်း စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၉

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ



ပုသိမ်မြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ အောက်တိုဘာ ၉ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

လှမင်းထွဋ်(ပြန်/ဆက်)



## ငပလီကမ်းခြေ၌ သီတင်းကျွတ်လပြည့်နေ့တွင် လာရောက်အပန်းဖြေသူများဖြင့် ပိုမိုစည်ကားလျက်ရှိ

ငပလီ အောက်တိုဘာ ၉

ရခိုင်ပြည်နယ် ငပလီမြို့ရှိ ငပလီကမ်းခြေသို့ သီတင်းကျွတ်လပြည့်နေ့၌ ပြည်တွင်းပြည်ပမှခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိရာ အဆိုပါကမ်းခြေတစ်လျှောက် ရေကစားသူများ၊ အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့သီတင်းကျွတ်ရုံးပိတ်ရက်၌ အပန်းဖြေလာရောက်ကြသူများမှာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ပြည်သူများနှင့် ပြည်ပမှခရီးသွားဧည့်သည်များဖြစ်ကာ ကမ်းခြေတစ်လျှောက်တွင် ဘောလုံးကန်သူများ၊ ရေကူးကြသူများ၊ ဓာတ်ပုံမှတ်တမ်းရိုက်ကူးကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ကမ်းခြေတစ်လျှောက် စျေးဆိုင်များမှာလည်း ယခင်နှစ်များထက်ပိုမို ရောင်းချရကြောင်း သိရသည်။

ငပလီ(ပြန်/ဆက်)



# ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ (၁၂)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့အခမ်းအနား ကျင်းပ



ပြည် အောက်တိုဘာ ၉

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ယနေ့ညနေ ၅ နာရီတွင် ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော် မြတ်စွယ်တော်တိုက်၌ (၁၂)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနား ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်နိုင်ဦး၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်သည်။

**ရှစ်ပါးသီလ ခံယူဆောက်တည်**

ရှေးဦးစွာ တက်ရောက်လာကြသူများက အခမ်းအနားကို "နမောတဿ ဗုဒ္ဓပဏာမဂါထာတော်" သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပြည်မြို့ ရွာဘဲတောင်ပေါ်ကျောင်းတိုက် ဦးစီးပဓာနနာယက ရွှေဆံတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဩဝါဒါစရိယ ဆရာတော်ကြီး ကိုးပါးတို့က မေတ္တာသုတ်အစရှိသော ပရိတ်တော်များကို ရွတ်ဆိုသရဇ္ဈာယ်တော်မူကြပြီး ဆရာတော်ကြီးများထံ အလှည့်ကျ ဂေါပက ဦးကြင်စိန်က အဘိဓမ္မာအခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို တင်ပြလျှောက်ထားသည်။

ယင်းနောက် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်နိုင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့ဝင်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွာဘဲတောင်ပေါ်ကျောင်းတိုက် ဆရာတော်ကြီးက အဘိဓမ္မာအခါတော်နေ့ အကြောင်း သိကောင်းစရာများကို ဟောကြားတော်မူကာ လှူဒါန်းမှုနှင့် ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ရေစက်ချတရားချီးမြှင့်တော်မူသည်။

ထို့နောက် အဘိဓမ္မာပြန့်ပွားရေး အသင်းဦးဆောင်သော ပြည်မြို့ပေါ် ရပ်ကွက်များနှင့် ဌာနဆိုင်ရာဝတ်အသင်းများက အဘိဓမ္မာ ခုနစ်ကျမ်းကို ပါဠိတော်ဖြင့် ရွတ်ဆိုပူဇော်ကြပြီး အခမ်းအနား အောင်မြင်စွာကျင်းပခဲ့ကြောင်းသိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# စစ်တွေမြို့ လောကာနန္ဒာစေတီတော်ကြီး၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိ

**စစ်တွေ အောက်တိုဘာ ၉**

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာ စေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ၊ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားလျက်ရှိသည်။



ထိုသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများအား ပြည်နယ်/ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစုများက မုန့်လက်ဆောင်း၊ ကျောက်ကျော၊ မုန့်အမျိုးမျိုးနှင့် ဖျော်ရည်များအား စတုဒိသာအဖြစ် တိုက်ကျွေးလှူဒါန်းခြင်းများ ဆောင်ရွက်ကြပြီး ညနေပိုင်းမှစ၍ စေတီတော် ပရိဝုဏ်အတွင်း ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံ ၁၀၀ လွှတ်တင်ခြင်းများကို ဆောင်ရွက်ခဲ့ကြရာ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများကလည်း ပါဝင်ကုသိုလ်ယူခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**❖ MNL မှ**

နှစ်သင်းစလုံး အနိုင်ရရှိရေး ပွဲစကတည်းက ကြိုးပမ်းခဲ့သော်လည်း အား/ကာသိပ္ပံအသင်းက ဒုတိယပိုင်း သွင်းဂိုးများကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၃ ပွဲကစား ရမှတ် ၂၀ ရရှိထားပြီး ရခိုင်ယူနိုက်တက်အသင်းက ၁၃ ပွဲကစား ပွဲတိုင်းအရှုံးနိမ့်ကာ အမှတ်မရသေးပေ။

ပွဲစဉ်(၁၅) တတိယနေ့ကို အောက်တိုဘာ ၁၀ ရက်(ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရောဝတီအသင်းနှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MNL**

**❍ ကျောဖုံးမှ**

အခြေခံအသင်းလိုက်ညီညွတ်မှု၊ သက်လုံတက်လာဖို့အတွက်(3x3)ကို ကျင်းပရတာဖြစ်ပြီး ဆီးဂိမ်းမှာလည်း ကျင်းပနေပြီဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါ်ဥမ္မာအောင်က ပြောသည်။

ယင်းပြိုင်ပွဲတွင် U–25 အမျိုးသား ၁၆ သင်း၊ U–18 အမျိုးသားအသင်း ၃၀၊ U–25/U–18 အမျိုးသမီးအသင်းလေးသင်းစီ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရန်ကုန်၊ တောင်ငူ၊ ပြည်၊ ဒိုက်ဦး၊ ကရင်၊ တောင်ကြီး၊ တနင်္သာရီ၊ မွန်ပြည်နယ် အသင်းများမှ အားကစားသမား၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်အမျိုးသားတံခွန်စိုက်ဖလားပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇလစိုး**







**ဦးနေဦး[၁၀/မလမ(နိုင်)၁၅၇၉၄၆]သိရှိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မူမူမြင့်[၁၂/ပဘတ(နိုင်)၀၂၇၃၁၅]အမှတ်–(၉၁/အေ)၊ ပင်ရွှေညောင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့သည် လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲပြီးသော်လည်း လင်မယားနှစ်ဦးပိုင်ဆိုင်ခဲ့သော ပစ္စည်းများနှင့်ပတ်သက်၍ အစ္စလာမ့်တရားတော်နှင့်အညီ မျက်နှာစုံညီစာရင်းရှင်းလင်းခွဲဝေ လက်ရောက်ရယူ၊ ပေးအပ်ခြင်း မပြုခဲ့ရသေးသဖြင့် "ဓမ္မသတ်မှူးချုပ်"(မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်ဗဟို)၏ လင်မယားနှစ်ဦးပိုင်ဆိုင်ခဲ့သော ပစ္စည်းများခွဲဝေရယူရမည့်ဝေစုသတ်မှတ်ချက်(ဖသဝါ) ဓမ္မသတ်အဖြေတောင်းခံရယူခဲ့ရာ ယခုအခါ အဖြေရရှိပြီးဖြစ်၍ လူကြီးမင်းကို မိတ်ဆွေများမှလည်းကောင်း၊ ရှေ့နေမှတစ်ဆင့်လည်းကောင်း အကြောင်းကြားစာပေးပို့ခေါ်ယူသော်လည်း ယနေ့အချိန်အထိ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသဖြင့် တရားဝင်စာချုပ်စာတမ်းများပြုလုပ် စာရင်းရှင်းလင်းပြီး ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ပစ္စည်းများကို ပြေပြေလည်လည်ဖြင့် ခွဲဝေလက်ရောက်ရယူ၊ ပေးအပ်ခြင်းများပြုလုပ်ရန် လူကြီးမင်းသည် ယခုကြေညာစာပါသည့်နေ့မှစပြီး (၁)ပတ်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ တွေ့ဆုံဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

အထက်ဖော်ပြပါအတိုင်း တွေ့ဆုံဆောင်ရွက်ခြင်းများ မပြုလုပ်ပါက ကျွန်ုပ်မိတ်ဆွေမှ တရားဥပဒေအကူအညီရယူဆောင်ရွက်သွားရန်အတွက် ကျွန်ုပ်အား ညွှန်ကြားထားပြီးဖြစ်ကြောင်း လူကြီးမင်း ဦးနေဦး သိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာခြည်ဝင်း(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၂၉၁)**
**(Win Law Firm)**
**အမှတ်–(၃၆)၊ (၆လွှာ/မီနီကွန်ဒို)၊ ၅၅လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၃၀၉၇၃၊ ၀၉–၉၇၄၅၃၃၇၁၂**


**❂ အမျိုးသမီးလိဂ်မှ**

၂၆၊ ၂၉၊ ၄၄၊ ၇၁၊ ၈၅ မိနစ်တွင် ဇင်မိုးပြည့်၊ ၃၁ မိနစ်တွင် ဒေစီအောင်၊ မိနစ် ၅၀ တွင် အေးအေးထွေးတို့က သွင်းယူခဲ့သည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း–၁ ၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် ပွဲပြီးခါနီးတွင်သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၈၀ တွင် ရူပါခိုင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၂) အပြီးတွင် သစ္စာအားမာန်အသင်းက နှစ်ပွဲကစား ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး အား/ကာသိပ္ပံနှင့် မြဝတီအသင်းက တစ်ပွဲကစား သုံးမှတ်စီ၊ YREO အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက နှစ်ပွဲကစား သုံးမှတ်စီ၊ Young Lionesses နှင့် တနင်္သာရီအသင်းက နှစ်ပွဲကစား နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MWL**



သစ္စာအားမာန်အသင်းနှင့် အား/ကာဦးစီးဌာနအသင်း ယှဉ်ပြိုင်ကြစဉ်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၂၃ ဆူ | ၂၉၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၁ တိုင် | ၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၄ ခု | ၅၃၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၀ ကျင်း | ၂၀၅၉. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၈ ကျင်း | ၅၈၉၂. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၈ ကျင်း | ၁၆၀၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၄၄ စုံ | ၃၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ အခြေခံဟာ "လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ" ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲကမှတစ်ဆင့် ရရှိလာတဲ့ ရလဒ်တွေအရ လွှတ်တော်အသီးသီးနဲ့ အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ၊ ဒေသတွေနဲ့ နိုင်ငံအနှံ့ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ဝင်ရောက်အရွေးချယ်ခံနိုင်ဖို့နဲ့ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင်ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

## ယနေ့ ဖတ်စရာ


**မှိုမျိုးစုံ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှ စီးပွားဖြစ်စိုက်ပျိုးကြစေရေး ကြိုးပမ်းဆောင်ရွက်**

စာမျက်နှာ » ၁၀

**ဖိနပ်ချုပ်သမား လင်မယား**

စာမျက်နှာ » ၂၀

**ဓာတ်ခွဲနမူနာစုစုပေါင်း ၈၅၀၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၆ ဦးတွေ့ရှိ**

စာမျက်နှာ » ၂၂

**ဂျာဝင်အန်ကာဂျက်ကို အနိုင်ရပြီး အိုင်ဘီအက်ဖ်စူပါ-ဖလိုင်းဝိတ်ခါးပတ်ကို ထပ်မံသိမ်းပိုက်နိုင်ခဲ့တဲ့ ဖာနန်ဒိုမာတီနက်ဇ်**

စာမျက်နှာ » ၂၄


## အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော အမျိုးသား/အမျိုးသမီးU-25/U-18(3x3)ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။

**ကျင်းပ**

အဆိုပါ ပထမနေ့ ပြိုင်ပွဲတွင် အမျိုးသား U-25 အုပ်စုပတ်လည်ပြိုင်ပွဲ၊ U-18 အမျိုးသားအုပ်စုပတ်လည်ပြိုင်ပွဲ၊ U-25၊ U-18 အမျိုးသမီးပတ်လည်ပြိုင်ပွဲ စုစုပေါင်း ၆၆ ပွဲ ကျင်းပခဲ့သည်။

"ကျွန်မတို့ U-18 ကို အဓိကထားလုပ်တာပါ။ မျိုးဆက်သစ် ကစားသမားများ ထွက်ပေါ်ဖို့အတွက် (3x3)ပြိုင်ပွဲ ကျင်းပရတာ ဖြစ်ပါတယ်။ (3x3)အားသာချက်က ရပ်နေလို့မရဘူး။ တိုက်စစ်ပြီးတာနဲ့ ခံစစ်၊ ခံစစ်ပြီးတာနဲ့ တိုက်စစ်လုပ်ရတယ်။ တစ်ယောက်ချင်းရဲ့ စွမ်းဆောင်ရည် ကောင်းရတယ်။ စွမ်းဆောင်ရည် မကောင်းလို့ရှိရင် မရဘူး။ အဲဒါကြောင့် ကလေးတွေ

**စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ○**




## MNL ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းကို အား/ကာသိပ္ပံအသင်း အနိုင်ယူ

ရန်ကုန် အောက်တိုဘာ ၉

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) ဒုတိယနေ့ကို အောက်တိုဘာ ၉ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ရခိုင်အသင်းကို နှစ်ကျော့စလုံး အနိုင်ကစားနိုင်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ယခုရာသီတွင် နိုင်ပွဲနှင့် ရမှတ်လုံးဝမရရှိသေးဘဲ ဇယားအောက်ဆုံးရောက်ရှိနေကာ တန်းဆင်းရရန် နီးစပ်နေပြီဖြစ်သည်။

**စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❖**




ရခိုင်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် သစ္စာအားမာန်နှင့် YREO အသင်း အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၉

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ဒုတိယနေ့ကို သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ နှင့် ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပရာ သစ္စာအားမာန်နှင့် YREO အသင်း အနိုင်ရရှိခဲ့သည်။

ဗဟန်းမြက်ခင်းတုကွင်း၌ ကစားသည့်ပွဲတွင် YREO အသင်းက တနင်္သာရီအသင်းကို ၁၄ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် အရေးနိမ့်ထားသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး YREO အသင်းက ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အသင်းသစ် တနင်္သာရီအသင်းမှာမူ ပြိုင်ဘက်အသင်းများကို ယှဉ်ကစားနိုင်ခြင်းမရှိသေးဘဲ နှစ်ပွဲဆက် ဂိုးပြတ်အရေးနိမ့်ခဲ့ရသည်။ YREO အသင်းအတွက် အနိုင်ဂိုးများကို ၅၊ ၇၃၊ ၈၀ မိနစ်တွင် ဖျားမြာမို့မို့အေး၊ ၁၄ မိနစ်တွင် ယမင်းသူ၊ ၂၃၊ ၇၈၊ ၈၂ မိနစ်တွင် ဆွေမာအောင်၊

**စာမျက်နှာ ၂၈ ကော်လံ ၅ သို့ ✪**